# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# ပဥ္စမနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၇ ရက်

## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဥ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး ပဥ္စမနေ့သို့ မတက်ရောက်နိုင်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှု အခြေအနေကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးမောင်ဦးမှ စုပေါင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့မှာ ခွင့်ပန်ကြားထားသူ ၇ ဦးရှိပြီးတော့ ယခင်နေ့ထိခွင့်ပန်ကြားထားသူ ၂၀ ဦးဖြစ်ပါတယ်။ စုစုပေါင်း ၂၇ ဦး ခွင့်ပန်ကြားထားရှိကြောင်း တင်ပြအပ်ပါတယ်။ ယနေ့ အသစ်ခွင့်ပန်ကြားထားသူ ၇ ဦးကတော့ -

(၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင်ဟာ နေမကောင်းပါသဖြင့် ယနေ့ ၁၀-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်ကိုလည်းကောင်း၊

(၂) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းသည် ဇနီးဖြစ်သူ ဆေးရုံတက်ရောက်ရပါသဖြင့် ၁၀-၇-၂၀၁၂ ရက်နေ့မှ ၁၃-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၄ ရက်အားလည်းကောင်း၊

(၃) အင်းစိန်မဲဆနယ်မှ ဦးအေးမြင့်သည် မိခင်ဖြစ်သူနေမကောင်းပါသဖြင့် ၁၀-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်ကို လည်းကောင်း၊

(၄) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေသည် ကိုယ်တိုင်နေမကောင်းပါသဖြင့် ယနေ့ ၁၀-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၅) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်သည် နေမကောင်းပါသဖြင့် ၁၀-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၆) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းသည် ၁၀-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၇) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်သည် နေမကောင်းပါသဖြင့် ၁၀-၇-၂၀၁၂ ရက် နေ့မှ ၁၂-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အား လည်းကောင်း စုစုပေါင်း ၇ ဦးအား ခွင့်ပန်ကြားထားရှိပါသဖြင့် ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကိုယ်တိုင်နေမကောင်းသူအပါအဝင် ကျန်တဲ့ခွင့်တောင်းသူအားလုံး ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၀ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေးအတွက် စက်ပစ္စည်းအသစ် တပ်ဆင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ) ဦးဖိုးတုတ်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်(မိုးမိတ်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုက်ခရိုဝေ့ဗ်စခန်း အနေဖြင့် ကြိုးဖုန်းလိုင်း ၅ လိုင်းဖြင့် အဝေးဆက်သွယ်မှုကို စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် အော်တိုကြိုးဖုန်း နေရာ ၆၅ လုံး၊ ဆယ်လူလာဖုန်း နေရာ ၇၄ လုံးဖြင့် ဆောင်ရွက်နေပါသော်လည်း ဆက်သွယ်ရေး ပြတ်တောက်မှုများနှင့် ကြုံတွေ့နေခဲ့ရပါတယ်။ မိုးမိတ်မြို့နယ်မှာ မြို့နှင့် ၁၈ မိုင်ကွာတဲ့ ရွှေလီမြစ်ပေါ်မှာ ၁၀၅၀ မဂ္ဂါဝပ် ထွက်ရှိမည့် ရွှေလီ ၃ ရေအားလျှပ်စစ်စီမံကိန်း အကောင်အထည် ဖော်လျက်ရှိနေပါသဖြင့် ဆက်သွယ်ရေးလုပ်ငန်း ပြတ်တောက်မှုကင်းဝေးစေရန် အထူးလိုအပ်လှပါ

တယ်။ မကြာခဏဆိုသလို လျှပ်စစ်ဓာတ်အားပေးမှုနှင့် စက်ပစ္စည်းဟောင်းနွမ်းမှုများကြောင့် အဝေးလိုင်းများ ပြတ်တောက်မှုရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ယင်းကဲ့သို့ အဝေးလိုင်းပြတ်တောက်မှုမရှိစေရန်အတွက် (က) စက်ပစ္စည်းအသစ်လဲလှယ်ပေးရန် သို့မဟုတ် တပ်ဆင်ပေးရန် အစီအစဉ်ရှိပါသလား။ (ခ) အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ပြုလုပ်ဆောင်ရွက်ပေးမည်ကိုသိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာစွာဖြင့် ဆောင်ရွက်နိုင်ပါစေကြောင်း နှုတ်ခွန်းဆက်ဆန္ဒပြုရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မိုးမိတ်မြို့နယ်အတွင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုက်ခရိုဝေ့ဗ်စခန်းမှာ ဖုန်းလိုင်းတွေပြတ်တောက်မှု မရှိဖို့အတွက် စက်ပစ္စည်းအသစ်တပ်ဆင်ပေးဖို့နဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့ အော်တိုအိတ်ချိန်းမှာ GSM စခန်းတွေနဲ့ အဝေးဆက်သွယ်မှုကို မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ် ကြေးနီတောင်-မိုးမိတ် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းနှင့် ချိတ်ဆက်ပြီးတော့ အသုံးပြုထားတာဖြစ်ပါတယ်။ ဒီမိုက်ခရိုဝေ့ဗ်ဆက်ကြောင်းကို မိုက်ခရိုဝေ့ဗ်စခန်းမှာ Transtion အဖြစ် အဝေးလိုင်း 16 E1 လိုင်းပေါင်းအားဖြင့်ဆိုရင်တော့ အဝင်အထွက် ၁၈၀ တပ်ဆင်ထားတာ ဖြစ်ပြီးတော့ ရံဖန်ရံခါ ဆက်သွယ်မှုပြတ်တောက်မှုဖြစ်ပေါ်နေတဲ့အတွက် ပြန်လည်ပြီးတော့ စစ်ဆေးတဲ့ အခါမှာ Indoor Unit ကောင်းမွန်ပြီးတော့ Outdoor Unit ချို့ယွင်းနေတာ တွေ့ရှိတဲ့အတွက် Outdoor Unit ကို ၄-၆-၂၀၁၂ ရက်နေ့မှာ အသစ်တပ်ဆင်ဆောင်ရွက်ပြီး ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မိုးမိတ် မိုက်ခရိုဝေ့ဗ်ရဲ့ Antenna Orientation ကို ထပ်မံပြီးတော့ ပြောဆိုလို့ကောင်းအောင် ချိန်ညှိခြင်း၊ နောက်မိုက်ခရိုဝေ့ဗ်ရဲ့ Antenna တွေကိုလည်း ကြံ့ခိုင်ရေးစစ်ဆေးခြင်း၊ ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ထို့အတူပဲ ဦးကျော်မြင့်ပြောသလိုပဲ စခန်းမှာရှိတဲ့ Power ပိုင်းတွင် အသုံးပြုထားသော Ratio Backup Battery ကိုလည်းပဲ သုံးစွဲတဲ့သက်တမ်း ကျော်လွန်မသွားအောင်ဆိုပြီး

တော့ 12 V, 70 AH Battery အသစ် ၄ လုံးနှင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့တဲ့အခါမှာ ဆက်သွယ်မှုများ ပုံမှန်ကောင်းမွန်နေပြီဖြစ်ကြောင်း တင်ပြဖြေဆိုအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**တုံတာမြို့နယ်ခွဲအတွင်း မိုဘိုင်းဖုန်းများတပ်ဆင်ပြောဆိုနိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာ၊ ချမ်းသာ၍ နှစ်ဖြာသောသုခကိုရယူခံစားနိုင်ပြီး နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုးနိုင်ပါစေကြောင်း ပဏာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့အကျိုးကို ဦးထိပ်ထားပြီး မေးခွန်းတစ်ခုအားမေးမြန်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရ ဆက်သွယ်ရေးဝန်ကြီး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆက်သွယ်ရေးမိုဘိုင်းဖုန်းများကို တစ်နိုင်ငံလုံးဖြန့်ကျက်ပြီး ဆက်သွယ်ရေးကွန်ရက်ကောင်းမွန်စေရေး၊ တစ်မြို့နယ်နှင့် တစ်မြို့နယ်၊ တစ်နိုင်ငံလုံးမည်သည့်နေရာဒေသမဆိုအလွယ်တကူပြောဆိုဆက်သွယ်နိုင်ရေး နိုင်ငံတကာအဆင့်မီစေရေး ဦးတည်ဆောင်ရွက်ပေးသည့်အတွက် ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ဆက်သွယ်ရေးကဏ္ဍသည် တစ်စတစ်စတိုးတက်ဖွံ့ဖြိုးလာသည်မှာ ကျေနပ်အားရမိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမြို့နယ်အတွင်း ဆက်သွယ်ရေးမိုဘိုင်းဖုန်းများ အချို့နေရာများတွင်ဆက်သွယ်ပြောဆိုနိုင်သော်လည်း ပြည်ထောင်စုလမ်းမကြီးအတွင်းရှိ မိုင်းပြင်း-ကျိုင်းတုံကြား တုံတာမြို့နယ်ခွဲအတွင်း မိုဘိုင်းဖုန်းဆက်သွယ်ပြောဆိုနိုင်မှုမရှိသေးသည့်အတွက် ပြည်သူအများအားမလိုအားမရဖြစ်ပြီး မိုဘိုင်းဖုန်းပြောဆိုဆက်သွယ်မှုများကို အထူးလိုလားတောင့်တလျက်ရှိကြောင်းသိရှိရပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပြင်းမြို့နယ်၊ တုံတာမြို့နယ်ခွဲအတွင်း Mobile Phone, CDMA, GSM, WCDMA စတဲ့ဖုန်းများ အဘယ်ကြောင့်ပြောဆိုဆက်သွယ်နိုင်မှုမရရှိသေးသည်ကိုသိရှိလိုတဲ့အပြင် တုံတာမြို့နယ်ခွဲ၏ မိုဘိုင်းဖုန်းတပ်ဆင်ပြောဆိုနိုင်မှု အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အစီအစဉ်မရှိပါက အဘယ်ကြောင့်မဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို၍ မေးမြန်းတင်ပြရခြင်း ဖြစ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း မေတ္တာပို့သအပ်ပါကြောင်း ထပ်မံပြီးတော့တင်ပြလိုပါတယ်။ ကျွန်တော်တို့ မိုင်းပြင်းမြို့နယ်၊ တုံတာ မြို့နယ်ခွဲမှာ လိုင်း ၅၀ ပါ Exchange နှင့် MPT Satirize Terminal တွဲဖက်အသုံးပြုပြီးတော့ ဆောင်ရွက်နေပါတယ်။ GSM စခန်းကိုတော့ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်းအရ မိုင်းပြင်းမှာ လိုင်းအင်အား ၃၀၀၀ ကို ၂၀၁၂ ခုနှစ်၊ မတ်လမှာဆောင်ရွက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ မိုင်းပြင်း မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်ရဲ့မေးခွန်းကို ကျွန်တော်တွေ့တဲ့အခါမှာ စစချင်းကျွန်တော်လုပ်တဲ့အလုပ်ကတော့ အဲ့ဒီနေရာ တုံတာကနေပြီးတော့ ဘယ်နေရာကနေပြီးတော့ အနီးဆုံး Transmission ဆက်ကြောင်းရနိုင်မလဲဆိုတဲ့ဟာကို ကျွန်တော်တို့လေ့လာတာဖြစ်ပါတယ်။ တုံတာကို ကျွန်တော် ငယ်စဉ်ကသော်လည်းကောင်း၊ ကြီးမှသော်လည်းကောင်းရောက်ဖူးတဲ့အတွက် တုံတာရဲ့ အရေးပါတဲ့အခြေအနေကိုသိရှိရပါတယ်။ အဲ့လိုလေ့လာလိုက်တဲ့အခါမှာ အနီးဆုံးနေရာ ဖြစ်တဲ့ ပွိုင့် ၆၂၀၀ ကနေပြီးတော့ Microwave ဆက်ကြောင်းရရှိနိုင်တာကိုတွေ့ရှိရတဲ့အတွက် တုံတာမြို့နယ်ခွဲမှာ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီးခန့်မှန်းခြေစာရင်း RE မှာ ကြိုးစားပါမယ်။ ဒါမှမဟုတ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် BE မှာ GSM စခန်းတစ်ခုကို နိုင်ငံတော်ကိုတင်ပြပြီးတော့ ဆက်လက်ပြီးတော့ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဦးစိုင်းထွန်းစိန်ကို ဖြေကြားလိုပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော် တင်ပြလိုတာကတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ယခုကဲ့သို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အနေဖြင့် ကျွန်တော်တို့ဆောင်ရွက်ရမယ့်ကိစ္စတွေကိုဆွေးနွေးကြတဲ့အတွက်လည်း အထူးကျေးဇူးတင် ရှိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေအဆင်ပြေချောမွေ့စွာဆက်သွယ်ပြောဆို နိုင်ဖို့နှင့် ကမ္ဘာ့စံချိန်စံညွှန်းတွေအတိုင်း ဈေးနှုန်းသက်သာစွာနဲ့ အသုံးပြုနိုင်ဖို့ဆောင်ရွက်သွားဖို့ဟာ ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒီလိုဖြစ်စေဖို့လည်းပဲ နိုင်ငံတော်သမ္မတကြီး ကနေပြီးတော့ ပြည်သူတွေစိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်တဲ့ ပြည်သူ့ဗဟိုပြုဆက်သွယ်ဝန်ဆောင်မှု

လုပ်ငန်းတွေကို ဆောင်ရွက်ပေးသွားပါလို့ လမ်းညွှန်ထားခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ Reform Plan ကိုချမှတ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ ယခုကဲ့သို့ဆွေးနွေးကြခြင်းအတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒီလို Reform Plan ချမှတ်ဆောင်ရွက်တဲ့အခါမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံတယ်လီပို့စ်တို့ဟာ နိုင်ငံတကာဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းမှာ အတွေ့အကြုံရှိတဲ့ ပြည်တွင်းပြည်ပကုမ္ပဏီများကို International Tender ခေါ်ယူပြီးတော့ Joint Venture ကုမ္ပဏီတွေဖွဲ့စည်းပြီးတော့ ဆောင်ရွက်သွားဖို့စီစဉ်ဆောင်ရွက်နေပါတယ်။ အဲ့သလို နိုင်ငံတကာကုမ္ပဏီတွေနဲ့ Joint Venture ဆောင်ရွက်ပြီးတော့ ပြည်သူတွေကိုဆက်သွယ်မှု၊ ဝန်ဆောင်မှုပေးတဲ့အခါမှာ ကျွန်တော်တို့အရင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတွေရဲ့ကြုံတွေ့ခဲ့တဲ့ သတိထားရမယ့်အချက်တွေကိုလည်း ကျွန်တော်တို့သတိထားသွားမှာဖြစ်ပါတယ်။ အဲ့ဒါတွေကတော့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နိုင်ငံတကာကုမ္ပဏီတွေနဲ့ ကျွန်တော်တို့ထိတွေ့ညှိနှိုင်းဆောင်ရွက်ကြရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကနေပြီးတော့ ဥပဒေအကြောင်းအရာ ခိုင်ခိုင်မာမာရှိထားဖို့လိုပါတယ်။ အဲ့ဒီအတွက် ကျွန်တော်တို့ ဆက်သွယ်ရေးဥပဒေကို ရှေ့နေချုပ်ရုံးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကိုရောက်ရှိလာတဲ့အခါမှာ လိုအပ်ချက်များရှိပါက ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် အကြံပြုတင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံတကာအဖွဲ့အစည်း ကုမ္ပဏီကြီးတွေဟာ ကျွန်တော်တို့တိုင်းပြည်ကချမှတ်ထားတဲ့ ဆက်သွယ်ရေးဆိုင်ရာနည်းဥပဒေများကို နားလည်ကျေညက်အောင် ဦးစွာလေ့လာပြီးမှ ကျွန်တော်တို့နဲ့ စိစစ်ဆွေးနွေးကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဘက်ကလည်းပဲ ပြင်ဆင်ထားလျက်ရှိပါတယ်။ တောင့်တင်းခိုင်မာတဲ့ ဥပဒေတွေ၊ ခိုင်ခံ့တဲ့ဆက်သွယ်မှုကွန်ရက်တွေ ပိုင်ဆိုင်တာတောင်မှ တိုင်းပြည်အချို့မှာ ကျွန်တော်တို့ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်လို့ နိုင်ငံခြားကုမ္ပဏီများနှင့် ပြည်တွင်းကဥပဒေအရ ရင်ဆိုင်နေရမှုရှိကြောင်းကိုလေ့လာတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံမှာဆိုလို့ရှိရင် နိုင်ငံသားနှင့် နိုင်ငံခြားသားအချိုးဟာ ဆက်သွယ်မှုကဏ္ဍမှာပိုင်ဆိုင်မှုအချိုး ညီညွတ်မှု၊ မျှတမှုမရှိတာ နောက် အိမ်နီးချင်းနိုင်ငံကြီးတစ်ခုမှာခွင့်ပြုထားခဲ့တဲ့ ဆက်သွယ်ရေးလုပ်ငန်းလုပ်ပိုင်ခွင့်အချို့ကို ခွင့်ပြုလိုက်တာဟာ Operator ခွင့်ပြုလိုက်တာဟာများသွားတဲ့အတွက် ခွင့်ပြုလိုက်တဲ့ဆက်သွယ်ရေး လုပ်ငန်းအချို့ကို ပြန်လည်ပြီးတော့ရုပ်သိမ်းရတဲ့အတွက် နိုင်ငံ့ခေါင်းဆောင်အဆင့်ထိအောင်ပြန်လည်ပြီးတော့ညှိနှိုင်းနေရတဲ့ အခြေအနေမျိုးဖြစ်ခဲ့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံရဲ့ အနောက်ဘက်နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံပိုင်ဆက်သွယ်မှုဥပဒေနဲ့ ကွန်ရက်ကို

ခိုင်မာအောင် မလုပ်နိုင်ခင်မှာ Operator တွေကို အမြောက်အမြားပေးလိုက်တဲ့အတွက် နိုင်ငံပိုင်လုပ်ငန်းရဲ့ ဈေးကွက်ဟာ တစ်ရာခိုင်နှုန်းလောက်ပဲဖြစ်သွားတဲ့ဟာကိုလည်း တွေ့ရှိရပါတယ်။ ထို့အတူပဲ ကျွန်တော်တို့နဲ့ မတိမ်းမယိမ်းရှိခဲ့တဲ့ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှာ Operator လုပ်ကိုင်ခွင့်တွေကို မြောက်မြောက်မြားမြားနဲ့ အပြိုင်ပေးလိုက်တဲ့အခါမှာ Operator တွေဟာ ငွေရလွယ်ကူတဲ့ မြို့နဲ့ပတ်ဝန်းကျင်တွေမှာပဲလုပ်တဲ့အတွက် တစ်နိုင်ငံလုံးပြန့်နှံ့မှုမရှိတဲ့အတွက် ကျေးလက်နှင့် မြို့ပြဆက်သွယ်မှု ကွာခြားမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီအချက်တွေကို သင်ခန်းစာယူပြီးတော့ နိုင်ငံတကာ Tender ခေါ်ယူတဲ့အခါမှာ Consultancy ဆိုတဲ့ အတွေ့အကြုံရှိတဲ့ကုမ္ပဏီများကနေပြီးတော့ Consultancy ကုမ္ပဏီများကနေပြီးတော့ Consultancy လိုအပ်ကြောင်းကိုတွေ့ရှိရပါတယ်။ ဒါကြောင့် မနေ့က ၉-၇-၂၀၁၂ ကစပြီးတော့ နိုင်ငံတကာ Tender ခေါ်ဖို့အတွက် အပြည်ပြည်ဆိုင်ရာ Tender လုပ်ထုံးလုပ်နည်းတွေအတိုင်းဖြစ်စေဖို့၊ နိုင်ငံတကာစံချိန်စံညွှန်းတွေအတိုင်းဖြစ်စေဖို့၊ ပွင့်လင်းမြင်သာမှုရှိစေဖို့အတွက် Tender ခေါ်ယူတဲ့အခါမှာ Tender ခေါ်ယူရန်ပြင်ဆင်တာ၊ Tender ခေါ်ယူတာ၊ Tender စိစစ်ရွေးချယ်တာစတဲ့ လုပ်ငန်းအဆင့်ဆင့်တွေမှာ Telecommunication Tender Consultant အဖြစ် ဆောင်ရွက်ပေးနိုင်မယ့် နိုင်ငံတကာ အတွေ့အကြုံရှိတဲ့ Telecommunication Tender Consultant ကုမ္ပဏီအဖွဲ့အစည်းတွေရဲ့ နိုင်ငံတကာလုပ်ထုံးလုပ်နည်းတွေ၊ အတွေ့အကြုံတွေ၊ အကြံဉာဏ်တွေကို ရယူဆောင်ရွက်သွားနိုင်ဖို့အတွက် Telecommunication Tender Consultant ကုမ္ပဏီအဖွဲ့အစည်းတွေကို အဆိုပြုလွှာတင်သွင်းနိုင်ရန် မနေ့ကရော ယနေ့ရော မနက်ဖြန်အထိပါ သတင်းစာများမှာ ဖိတ်ခေါ်ထားရှိကြောင်း အသိပေးတင်ပြအပ်ပါတယ်။ Consultancy Group တွေနဲ့ သက်ဆိုင်ရာတာဝန်ရှိသူတွေ ပြည့်စုံစွာညှိနှိုင်းပြီးတယ်ဆိုရင် ကျွန်တော်တို့လုပ်ငန်းအစီအစဉ်အတိုင်းပဲ International Tender ခေါ်ယူပြီးတော့ ဆက်သွယ်မှု ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအနေနဲ့ ပြည်သူတွေကို ကမ္ဘာ့စံချိန်စံညွှန်းအတိုင်း ဈေးနှုန်းသက်သာစွာဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်ချက်ပါအတိုင်း ကျွန်တော်တို့ရဲ့ Reform Plan ကို စတင်ပြီးတော့ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးတင်ပြလိုခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ

ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများမှ ကျွန်တော့်ကို ယခုကဲ့သို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနရဲ့လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးခွင့်ပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဆက်လက်၍လည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆက်သွယ်ရေးကိစ္စများ နှင့်ပတ်သက်၍ရှိပါလျှင် ကျွန်တော့်ဆီကို ဖုန်းဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ အချိန်မရွေးဆက်သွယ် ဆောင်ရွက်ဆွေးနွေးနိုင်ပါကြောင်းလေးစားစွာတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရန်ကုန်-နေပြည်တော် အသွားအပြန်လမ်း ယာဉ်တိမ်းမှောက် တိုက်ခိုက်မှု တိုးမြင့်ဖြစ်ပွားလာသဖြင့် ပြုပြင်ဆောင်ရွက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထု ကစိုးရိမ်စွာ သွားလာနေရသည်ဟု သတ်မှတ်ထားတဲ့ ရန်ကုန်-နေပြည်တော် အမြန်လမ်းမှာ ယာဉ်တိမ်း မှောက်မှုအန္တရာယ်ကင်းရှင်းစေရေးအတွက် မေးခွန်းမေးမြန်းတာဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ ပြီးခဲ့တဲ့ လွှတ်တော်မှာလည်း ပန်းဘဲတန်းမြို့နယ်က ဦးအောင်ဆန်းမေးပြီးဖြစ်ပါတယ်။ သို့ပါ သော်လည်း လမ်းကြောင်းများရဲ့အခြေအနေ အမှန်တကယ်တိုးတက်မှုမရှိတဲ့အတွက်ကြောင့် ထပ်မံ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်လို့ သုံး ကြိမ် တွေ့ဆုံပြီးတော့ ကူညီခဲ့ရဖူးပါတယ်။ ယာဉ်တိမ်းမှောက်မှုမှာ အဓိကအားဖြင့် ယာဉ်ကြောင့်ရယ်၊ ယာဉ်မောင်းရယ်၊ လမ်းရယ်၊ ရာသီဥတုရယ် လေး မျိုးကြောင့်ဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ ယခုတင်ပြမှာကတော့ ယာဉ်နှင့်ယာဉ်မောင်းနဲ့မပတ်သက်ဘဲနဲ့ အစိုးမရတဲ့ ရာသီဥတုကိုလည်း ကျွန်တော်တို့ မတင်ပြတော့ပါဘူး။ အဓိကတင်ပြမှာက လမ်းနဲ့ပတ်သက်လို့ဖြစ်ပါတယ်။ ယနေ့ မိုးရာသီကာလရောက်ရှိလာတဲ့အခါမှာ နေ့အချိန်ထက် ညအချိန်မှာ အန္တရာယ်တွေ့ကြုံရတာ ပိုမို များပြားပါတယ်။ အခက်အခဲတွေကတော့ (၁) တံတားအတက်တွေမှာခင်းထားတဲ့ ကတ္တရာတွေ ယနေ့အပေါက်အပြဲတွေဖြစ်နေပါတယ်။ ညဘက်မှာ ယာဉ်မောင်းသွားရင် ရေလျှံထွက်ပြီးတော့ အလွန် အန္တရာယ်ရှိပါတယ်။ ဒါတွေကို ပြုပြင်ပေးဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ (၂) အချက်အနေနဲ့

လမ်းတံတားတွေမှာ အလင်းရောင်အလွန်နည်းပါတယ်။ ဆိုလာမီးများကို သုံးထားသော်လည်းပဲ ယနေ့ အချို့ပျက်စီးနေပြီးဖြစ်တဲ့အတွက်ကြောင့် ညအချိန်ယာဉ်မောင်းများ လွယ်ကူစွာမြင်နိုင်ဖို့အတွက် လုံလောက်တဲ့ အလင်းရောင်ရရှိဖို့လိုမှာဖြစ်ပါတယ်။ (၃) အချက်အနေနဲ့ ချို့ယွင်းပျက်စီးနေတဲ့ လမ်းကြောင်းမှာရှိတဲ့ ရောင်ပြန်အမှတ်အသားတွေ ဖြစ်ပါတယ်။ ဒါတွေဟာ ကျေးရွာလူထုဖျက်စီး တာရော၊ယာဉ်ရဲ့တိုက်ခိုက်မှုကြောင့်ရော ယနေ့အတော်များများပျက်စီးနေပါပြီ။ ကျွန်တော်တို့ညအချိန် မောင်းနှင်တဲ့အခါမှာ ရောင်ပြန်တွေကို ကြည့်ပြီးတော့ မောင်းနှင်ရတာဖြစ်တဲ့အတွက် အလွန် အန္တရာယ်များပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ အမြန်ဆုံးပြင်ဆင်ပေးနိုင်ဖို့လိုမယ်လို့တင်ပြလို ပါတယ်။ (၄) အချက်အနေနဲ့ ညအချိန် မောင်းနှင်တဲ့အခါမှာ တိရစ္ဆာန်ဖြတ်တာမျိုး အထူးသဖြင့် ကျွဲတွေဖြတ်တဲ့အခါမှာ ယာဉ်ရဲ့မျက်နှာချင်းဆိုင်လာရင်မျက်လုံးမြင်ရလို့ ရှောင်လို့ရပေမယ့် ကျောပေး ပြီးဖြတ်သွားတဲ့ ကျွဲနဲ့တွေ့တဲ့အခါမှာ ယာဉ်တိမ်းမှောက်မှုတွေဖြစ်တာ အများဆုံးဖြစ်ပါတယ်။ ဒါကြောင့် တိရစ္ဆာန်များဖြတ်သန်းမှုနဲ့ပတ်သက်လို့ ပိုမိုလုံခြုံအောင် တားဆီးပေးနိုင်ဖို့ လိုမှာဖြစ်ပါတယ်။ (၅) အချက်အနေနဲ့ နေ့အချိန်ညအချိန်မှာ ပြောင်းပြန်မောင်းနှင်နေတဲ့ မော်တော်ဆိုင်ကယ်များဖြစ် ပါတယ်။ ဒါတွေကို ရှောင်တိမ်းရင်းနဲ့ပဲ အလွန်အန္တရာယ်များတဲ့အတွက်ကြောင့် ဒါတွေကို တားဆီး ပေးဖို့လိုကြောင်းတွေ့ရပါတယ်။ (၆) အနေနဲ့ ညအချိန်မှာ တစ်ဖက်ယာဉ်ကြောကမောင်းနှင်လာတဲ့ မီးရဲ့အလင်းရောင် မကာကွယ်နိုင်ပါဘူး။ ယနေ့မိုးရာသီမှာ ကျွန်တော်တို့ မောင်းနှင်တဲ့အခါမှာ ညအမှောင်မှာ တစ်ဖက်က မီးအားမြှင့်တဲ့ မီးနဲ့ထိုးတဲ့အခါမှာ ကျွန်တော်တို့ တစ်ဖက်ကမောင်းတဲ့အခါ ယာဉ်ကြောပျောက်ပြီးတော့ တိမ်းမှောက်မှုတွေဖြစ်တာတို့ ဘေးကပလက်ဖောင်းနဲ့တိုက်ပြီးတော့ ယာဉ်တိမ်းမှောက်တာတို့ ထပ်ပြီးတော့ ဖြစ်ပေါ်လာနေပါတယ်။ ဒါကြောင့် ဒီလိုကာလမျိုး မိုးတွင်းမှာ ခလယ်မှာရှိတဲ့ အလယ်ကျွန်းတွေမှာ ကြီးမြန်သစ်ပင်၊ ပန်းအလှပင်တွေကို အမြန်ဆုံးစိုက်ပေးနိုင်မယ် ဆိုရင် တစ်ဖက်ကမီးကိုထိန်းနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ဒါတွေကို စီမံဆောင်ရွက်ပေးနိုင်ဖို့ဖြစ်ပါ တယ်။ (၇) အနေနဲ့ ယာဉ်တိမ်းမှောက်မှုနဲ့ ယာဉ်မှောက်မှုဖြစ်ပွားတယ်ဆိုရင်လည်း အချိန်ပိုင်းအတွင်း မှာသိရှိပြီးတော့ အချိန်မီဆေးကုသပေးနိုင်မယ်ဆိုရင် အသက်အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ ယနေ့ ဖြစ်စဉ်တွေကိုပြန်ကြည့်ရင် တော်တော်များများက ယာဉ်တိမ်းမှောက်ပြီး ၁ နာရီကျော်လောက်မှာ ဆေးကုသမှုပေးနိုင်ပါတယ်။ ဒါကြောင့် ဒါတွေကိုလည်း အစီအမံနဲ့ဆောင်ရွက်ပေးဖို့ လိုမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြီးခဲ့တဲ့ လွှတ်တော်အပြီးမှာဖြစ်တဲ့ တံတားနားမှာမှောက်တဲ့အမှုဖြစ်ပါတယ်။ မှောက်တဲ့ကားက အမည်းရောင်ဖြစ်ပါတယ်။ မိုးကလည်းရွာနေပါတယ်။ ညကလည်း မိုက်ပါတယ်။

အလင်းရောင်ကလည်းမရှိပါဘူး။ ဒီကားကို မမြင်ရတဲ့အတွက်ကြောင့် နောက်ကဝင်လာတဲ့ကားတွေ ထပ်မံပြီးတော့ တိုက်ခိုက်မှုဖြစ်ပွားပါတယ်။ ဒါတွေကိုလည်း ဖြစ်နိုင်မယ်ဆိုရင်တော့ Breake Down ကားတို့အသင့်ထားပြီးတော့ ဆွဲနိုင်ဖို့အတွက်ကို စီမံပေးဖို့ လိုမှာဖြစ်ပါတယ်။ နောက်ဆုံး (၉) အချက် အနေနဲ့တော့ ရန်ကုန်-နေပြည်တော် လမ်းပိုင်းဟာ နေပြည်တော်-မန္တလေးလမ်းနဲ့ ယှဉ်ပြီးတော့ ကြည့်မယ်ဆိုရင် နေပြည်တော်-မန္တလေးလမ်းက အဖြောင့်ဖောက်ထားပြီးတော့ ရန်ကုန်-နေပြည်တော် လမ်းသည် အကွေ့အကောက်တွေများပါတယ်။ ရွာစဉ်တွေ ပိုများပါတယ်။ ဒါကြောင့် ဒီလမ်း နှစ် လမ်းမှာ မန္တလေးဘက်လမ်းမှာတော့ ယာဉ်ကြော နှစ် ခုကို ဖြတ်ပြီးတော့ ဖောက်လုပ်ပေးထားတဲ့ လမ်းတွေ ရှိပါတယ်။ ရန်ကုန်-နေပြည်တော်လမ်းမှာတော့ ဟိုဘက် ဒီဘက်ကူးနိုင်ဖို့အတွက် လမ်းမရှိတဲ့အတွက် ကြောင့် နေ့ညအချိန်တွေမှာ ရွာသားများဟာ မော်တော်ဆိုင်ကယ်များနဲ့ ပလက်ဖောင်းပေါ်ကနေ ရုတ်တရက်ထွက်လာတာတွေရှိပါတယ်။ ဒါတွေကို တားဆီးပေးနိုင်ဖို့လိုမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်-နေပြည်တော်အသွားအပြန်လမ်းမှာ လမ်းဖွင့်လှစ်ကာစတွင် ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများဖြစ်ပွား၍ ခရီးသွားလုပ်သားပြည်သူများ အသက်အန္တရာယ်ထိပါးသည်အထိ မကြာခဏတွေ့ကြုံခဲ့ရပြီး နောက်ပိုင်းကာလတွင် လမ်းများ ပြုပြင်ခြင်း၊ ရွာများအနီးတွင် ခြံစည်းရိုးကာရံခြင်း၊ တံတားများတွင် ညအချိန် ဆိုလာမီးများထွန်းပေးခြင်းနှင့် လမ်းများပေါ်တွင် ညကြည့်မှန်ကာများ၊ ရောင်ပြန်များတပ်ဆင်ပေးခြင်းများကြောင့် ယာဉ်တိမ်းမှောက်မှု၊ တိုက်ခိုက်မှုလျော့ပါးခဲ့ပါတယ်။ သို့ပါသော်လည်း ယခုလပိုင်းတွင် တံတားများနှင့် လမ်းပေါ်တွင် ညအချိန်အလင်းရောင်မရှိတော့ဘဲ မှောင်မိုက်နေခြင်း၊ လမ်းများပေါ်တွင် ညကြည့်မှန်ကာများ၊ ရောင်ပြန်များပျက်စီးလျော့နည်းလာခြင်း၊ တိရစ္ဆာန်များ စည်းကမ်းမဲ့စွာဖြတ်သန်းသွားလာခြင်းတို့ကြောင့် ယာဉ်တိမ်းမှောက်မှု၊ တိုက်ခိုက်မှုများ တိုးပွားလာသည့်အပြင် ယခုမိုးရာသီတွင် ပိုမိုအန္တရာယ်ရှိနိုင်တဲ့အတွက်ကြောင့် ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မည်သည့်အချိန်မှာ ပြုပြင်ပေးမည်ကို သိရှိလို၍ မေးမြန်းခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးမှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းတဲ့ ရန်ကုန်-နေပြည်တော် အသွားအပြန်လမ်း ယာဉ်တိမ်းမှောက်မှု ထိခိုက်မှုတိုးမြင့်ဖြစ်ပွားလာသဖြင့် ပြုပြင်ဆောင်ရွက်ပေးရန် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-မန္တလေးလမ်းမကြီးဟာ ၃၆၆ မိုင် ၃ ဖာလုံ ရှည်လျားပါတယ်။ မူလလုပ်ငန်းစီမံချက် Master Plan မှာ ရှစ် လမ်းသွား ကတ္တရာကွန်ကရစ်လမ်းအဖြစ်တည်ဆောက်ရန် လမ်းဒီဇိုင်းသတ်မှတ်လျာထားခဲ့ပြီး အသက်ကယ်တန်း (Guard Rail) များ၊ ခြံစည်းရိုးများ ကာရံတပ်ဆင်ခြင်းများ ထည့်သွင်းရေးဆွဲကာ အထောက်အကူပြုအားဖြင့် ရပ်နားစခန်းများ Rest Camp များ၊ CCTV Camera၊ Telephone Station များ၊ Work Shop များ ပြည့်စုံစွာပါရှိအောင် စီမံကိန်းလျာထားခဲ့ပါတယ်။ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာတဲ့ နေပြည်တော်ကို ရန်ကုန်၊ မန္တလေးမြို့များမှ ဆက်သွယ်မှုများပြားတဲ့အတွက် ပထမအဆင့် လေး လမ်းသွား ကွန်ကရစ်လမ်းကို ရန်ကုန်မှ နေပြည်တော်အပိုင်းအား ၂၀၀၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နေပြည်တော်မှ မန္တလေးအပိုင်းကို ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာလည်းကောင်း၊ စကားအင်း-တံတားဦး-တံခွန်တိုင်လမ်းအပိုင်းကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှာလည်းကောင်းတိုးချဲ့ဖွင့်လှစ်ခဲ့ပါတယ်။ အလျဉ်းသင့်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှာ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များနဲ့ပတ်သက်၍ အနည်းငယ်ရှင်းလင်းတင်ပြသွားပါမယ်။ ဖြစ်စဉ်များနဲ့ ပတ်သက်၍ သုံးသပ်မယ်ဆိုရင် အဓိက သုံး ပိုင်းရှိပါတယ်။ စက်ယာဉ်ရယ်၊ လမ်းရယ်၊ လူရယ်ဖြစ်ပါတယ်။ စက်ယာဉ်များနှင့်ပတ်သက်ပြီး ယခုကာလမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့အတွက် စွမ်းအားကောင်းမွန်တဲ့ယာဉ်များဖြစ်လို့ စက်ယာဉ်ချို့ယွင်းချက်ကြောင့် ဖြစ်ပွားမှုအန္တရာယ် အနည်းငယ်သာရှိပါတယ်။ လမ်းနဲ့ပတ်သက်ပြီးတော့လည်း အားနည်းချက်များရှိသော်လည်း အန္တရာယ်ဖြစ်လောက်တဲ့ အားနည်းချက်များနည်းပါးပါတယ်။ အများအားဖြင့် လူ၏အားနည်းချက်များဖြစ်တဲ့ သတ်မှတ်နှုန်းထက် လွန်ကဲစွာ အရှိန်မြင့်မောင်းနှင်ခြင်း၊ ယာဉ်ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း၊ သတိလက်လွတ်မောင်းနှင်ခြင်း ခရီးမိုင်ရှည်လျားတဲ့အတွက် ယာဉ်မောင်းများပင်ပန်းနွမ်းနယ်၍ အိပ်ငိုက်ခြင်းများကြောင့် ယာဉ်တိမ်းမှောက်မှုအန္တရာယ်ကြုံတွေ့နေရခြင်းဖြစ်ပါတယ်။

အမြန်လမ်းမကြီးမှာ ယာဉ်မောင်းနှင်နှုန်းကို အများဆုံး တစ် နာရီမှာ ကီလိုမီတာ ၁၀၀ သို့မဟုတ် မိုင် ၆၀ နှုန်းသတ်မှတ်ထားပါတယ်။ တစ်နည်းအားဖြင့် တစ် မိနစ်မှာ တစ် မိုင်နှုန်းဖြစ်ပါတယ်။ တွက်ချက်မှုအရ တစ် စက္ကန့်မှာ ၈၈ ပေ အကွာအဝေးရောက်ရှိပါတယ်။ တစ်စက္ကန့်မျှလောက် ယာဉ်မောင်းသူ ငိုက်မျဉ်းသွားလျှင်ပင် ယာဉ်တိမ်းမှောက်မှု ဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါ့အပြင် အသုံးပြုနေတဲ့ ကားတာယာများဟာလည်း သတ်မှတ်မိုင်နှုန်းအရ၊ သတ်မှတ်လေပေါင်ချိန်အရအသုံးပြုရပါတယ်။ သတ်မှတ်မိုင်နှုန်းထက်ပိုပြီး အချိန်ကြာမြင့်စွာမောင်းနှင်တဲ့အခါမှာ အပူချိန်မြင့်တက်လာပြီး တာယာများပွင့်ထွက်၍ တိမ်းမှောက်ခြင်းဖြစ်စဉ်များလည်း များစွာတွေ့ရှိရပါတယ်။ လမ်းမကြီးတစ်လျှောက် လိုအပ်တဲ့နေရာတိုင်းမှာ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ပြီး သတိပေးဆိုင်းဘုတ်များ လမ်းညွှန်အမှတ်အသားများအတိုင်း သတိပြုမောင်းနှင်ပါက အန္တရာယ်ကင်းရှင်းနိုင်မှာဖြစ်ပါတယ်။ ယာဉ်အန္တရာယ်လျော့ပါးရေးအတွက် လိုအပ်တဲ့နေရာတိုင်းမှာ လမ်းညွှန်အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်များစိုက်ထူခြင်း၊ တံတားအဝင်များ၊ လမ်းကွေ့များမှာ ညကြည့်ရောင်ပြန်အမှတ်အသားများကို ယခင်ကတည်းက တပ်ဆင်ထားပြီးတော့ ယခုပျက်ဆီးမှုများလည်း လဲလှယ်လျက်ရှိပါတယ်။ ထို့အတူပဲ ဆိုလာမီးတိုင်များလဲခြင်း၊ လမ်းများကိုပြုပြင်ဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိပါတယ်။ ကျွဲ၊နွား တိရစ္ဆာန်များ လမ်းမပေါ်မတက်ရေးနဲ့ပတ်သက်ပြီးတော့လည်း လမ်းကင်းများချ၍ ဆောင်ရွက်လျက်ရှိသလို ဒေသခံပြည်သူများကိုလည်း ခရီးသွားများ အန္တရာယ်ကင်းရှင်းစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းပေးနိုင်ပါရန် ပညာပေးစည်းရုံးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာအသုံးပြုနိုင်ရေးအတွက် အမြန်လမ်းစည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ (Highway Police)မှ စခန်း ၁၂ ခုဖွင့်လှစ်ပြီးတော့ လတ်တလောအင်အား ၄၈၀ ဦးဖြင့် အသွားအပြန်လုံခြုံရေးနဲ့ လမ်းစည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်လျက်ရှိပြီးတော့ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလည်း သူနာပြုယာဉ်ထားရှိပြီးတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှာ လမ်းအပိုင်းအလိုက် တာဝန်ခံများနှင့်ပူးပေါင်းပြီး အရေးပေါ်ကူသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်တိမ်းမှောက်မှုကြောင့် အသက်အန္တရာယ်လျော့ပါးစေရေးအတွက် အသက်ကယ်တန်း (Guard Rail) များ တပ်ဆင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နေရာအလိုက် ဦးစားပေးပြီး တပ်ဆင်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်တွင် အန္တရာယ်ကင်းရှင်းရေး နှစ်လမ်းမောင်းစနစ်ဖြစ်အောင် ပြုပြင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်စိုး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ပထမဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ ယခုအခါမှာ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာ ကုန်တင်ကားများ၊ လူစီးကားများဟာ ပြည့်ကျပ်စွာ သွားလာလျက် ရှိပါတယ်။ ကုန်တင်ယာဉ်ကြီးများအနေနဲ့လည်း ယခုအခါမှာ ၂၂ ဘီး ထွေလာယာဉ်ကြီးများ ပေါ်ပေါက်လာပါတယ်။ ဒါကြောင့် လမ်းသွားလမ်းလာများ ကုန်တင်ယာဉ်များ ယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းမပေါ်မှာ ဆိုင်ကယ်၊ စက်ဘီး၊ အနှေးယာဉ်လမ်းများပါရှိသည့် နှစ်လမ်းမောင်းစနစ်ဖြစ်တဲ့ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမသစ်ကြီးကဲ့သို့ နှစ်လမ်းသွားစနစ်မျိုး ဖြစ်အောင် လမ်းများကို ပြုပြင်ပေးသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူလူထု ယာဉ်အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်သွားလာနိုင်ရေးအတွက် ထိုကဲ့သို့ ပြုလုပ်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါ တယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ထပ်မံဆုတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးမှ ပြည်သူ့လွှတ်တော် အစည်းအဝေးကို မေးမြန်းတဲ့ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာ အန္တရာယ် ကင်းရှင်းရေး နှစ်လမ်းမောင်းစနစ်ဖြစ်အောင် ပြုပြင်ပေးရန် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

မန္တလေးတိုင်းဒေသကြီးကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်တဲ့လမ်းအရှည်ဟာ ၃၉၇ မိုင်နဲ့ ၇ ဖာလုံ ဖြစ်ပြီးတော့ ကတ္တရာလမ်းအမျိုးအစားဖြစ်ပါတယ်။ အဲဒီလမ်းကို Max Myanmar ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီနှင့် သော်တာဝင်းကုမ္ပဏီစတဲ့ ကုမ္ပဏီ ခုနှစ် ခုအား BOT စနစ်ဖြင့် ၂၀၀၂ ခုနှစ်ကစပြီးတော့ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ BOT စနစ်နဲ့အပိုင်းလိုက်ဆောင်ရွက်ခွင့်ပြုရာမှာ လက်ရှိအခြေအနေမှာ ၂၄ ပေအကျယ် ကတ္တရာလမ်းကောင်းအဖြစ်ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ လမ်းပိုင်းများမှာ တစ်နှစ်အတွင်း ဖြတ်သန်းသွားလာလျက်ရှိတဲ့ တစ်နေ့ ပျမ်းမျှယာဉ်စီးရေ AADT စာရင်းအရ လမ်းအကျယ်ကို သတ်မှတ်ဆောင်ရွက်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာ တစ်နေ့ပျမ်းမျှယာဉ်စီးရေဟာ ၂၅၀၀ အထက်ကိုသွားလာနေပြီဖြစ်တဲ့အတွက် လမ်းပိုင်းများကို တာဝန်ယူဆောင်ရွက်နေတဲ့ BOT ကုမ္ပဏီများကို ၄၈ ပေအကျယ် လေး လမ်း သွားလမ်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ တစ်နေ့ ပျမ်းမျှယာဉ်စီးရေပေါ်မှာ မူတည်ပြီးတော့ လမ်းအကျယ်ကို တိုးချဲ့ဆောင်ရွက်သွားမှာဖြစ်ပြီး ဆိုင်ကယ်၊စက်ဘီးလမ်းများပါတဲ့ နှစ်လမ်းမောင်းစနစ်ဆောင်ရွက်ရန် လောလောဆယ်အနေအထားမှာတော့ အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆင်သေ-လဟယ် မော်တော်ကားလမ်း ၅၆ မိုင်အား ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဆားမူ၊ လဟယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဆားမူ(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော လဟယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နာဂတိုင်းရင်းသားများ၏ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခန္တီးတစ်ဖက်ကမ်းရှိဆင်သေကျေးရွာမှ လဟယ်မြို့ထိ ၅၆ မိုင်ကို ၁၉၆၂ ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ပါသည်ဟုသိရပါသည်။ သို့သော်လည်း ယခုအခါ နွေရာသီကာလမှသာ ကားမောင်းနိုင်ပြီး ကျန်ရာသီမှာ

သွားလို့မရပါ။ မိုးတွင်းရာသီကာလတွင် ဆိုင်ကယ်ဖြင့် ခက်ခဲစွာသွားလာနေရပါတယ်။ ဒါကြောင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသဖြင့် နိုင်ငံ့ဝန်ထမ်းများမှ သွားရော့လဟယ်လို့ နာမည်ကြီးနေရခြင်း ဖြစ်ပါတယ်။ ယခင်တပ်မတော်အစိုးရလက်ထက်တွင် တပ်မတော်အင်ဂျင်နီယာတပ်များမှ တာဝန်ယူ လမ်းဖောက်လုပ်ခဲ့ပါတယ်။ ဆင်သေကျေးရွာနှင့် နမ့်ဆလင်ချောင်းအထိ ကတ္တရာလမ်းခင်းပေးခဲ့ ပါတယ်။ ဒါပေမယ့် ယခုနှစ်မှာ မြေတူးစက်ကြီးများ မောင်းနှင်သွားလာကြသဖြင့် ကတ္တရာလမ်းများ ပျက်စီးနေပြီဖြစ်ပါသည်။ အရေးယူဆောင်ရွက်ပေးခြင်းမရှိပါ။ ယခုနှစ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၌ တာဝန်ယူဆောင်ရွက်ရမည်ဟု သိရှိရပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တစ်နှစ်တာကာလကျော် လွန်ခဲ့သော်လည်း လမ်းတံတားများ တစ်စုံတစ်ရာပြုပြင်ပေးခြင်း မတွေ့ရသေးပါ။ ဒါကြောင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါသည်။ ဆင်သေ-လဟယ်ကာလမ်းအား ရာသီမရွေးသွားလာ နိုင်သော လမ်းဖြစ်အောင် မည်သည့်အချိန်ကာလတွင် ဖောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ မေးမြန်း အပ်ပါသည်။ ကျေးဇူးတင်ရှိပါသည်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ထပ်မံနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူမှ ပြည်သူ့လွှတ်တော်အစည်းအဝေးကို မေးမြန်းတဲ့ ခန္တီး- ဆင်သေ-လဟယ်ကားလမ်း ၅၆ မိုင်အား ဆောင်ရွက်ပေးနိုင်ပါရန် မေးခွန်းအား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်အတွင်းမှာရှိတဲ့ ခန္တီးမြို့နယ်နဲ့ လဟယ်မြို့နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ခန္တီး- ဆင်သေ-လဟယ်လမ်းဟာ အတက်အဆင်းမတ်စောက်တဲ့ တောင်ပေါ်လမ်းဖြစ်ပြီးတော့ ရေလမ်း နှစ်မိုင်အပါအဝင် ၅၆ မိုင် ရှည်လျားပါတယ်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလကုန်အထိ လမ်းပန်းအခြေ အနေဟာ ကတ္တရာလမ်း ၃၁ မိုင်၊ ကျောက်လမ်း ၁၁ မိုင်၊ အမာခံလမ်း ၁၁ မိုင်၊ မြေလမ်း ၁ မိုင်၊ စုစုပေါင်း ၅၄ မိုင်ဖြစ်ပါတယ်။ ခန္တီး-ဆင်သေ-လဟယ်လမ်းကို ၁၉၉၅-၁၉၉၆ ဘဏ္ဍာရေးနှစ်မှ စတင်၍

အမှတ် (၉၀၉) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ ငွေအပ်လုပ်ငန်းစနစ်နဲ့ ဆောင်ရွက်ခဲ့ပြီးတော့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ထိ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းများနဲ့ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြန်လည်တာဝန်ယူခဲ့ပြီး အောက်ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ၃၄ ပေအကျယ်ရရှိအောင် လမ်းချဲ့ခြင်း ၁ မိုင် ၁ ဖာလုံ၊ မြင့်တက်နေသော လမ်းပုခုံးအား မြေညှိစက်ဖြင့် ပြုပြင်ခြင်း ၅၃ မိုင်၊ ကျောက်စီမြေကာနံရံပြုလုပ်ခြင်း ၄၀ ပေ၊ ကွန်ကရစ် တံတားတည်ဆောက်ခြင်း ၆ စင်း၊ တံတားများပြုပြင်ခြင်း ၄ စင်း တို့ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၅၀၀ သန်းနဲ့ သွားလာမှုခက်ခဲ၍ အတက်အဆင်းမတ်စောက်သည့်နေရာ ၃ နေရာ၊ အရှည် ၇ မိုင်ကို ပြေပြစ်အောင် နှိမ့်ချခြင်း၊ မိုင်တိုင် ၂၄ /၅ မှ ၂၇/၅ အထိ ၃ မိုင်နှင့် မိုင်တိုင် ၂၈/၀ မှ ၃၁/၄ အထိ ၃ မိုင် ၄ ဖာလုံအား လမ်းအူကြောင်းအသစ် ဖောက်လုပ်ခြင်း၊ မိုင်တိုင် ၄၄/၆ မှ ၅၆/၀ အထိ ၁၁ မိုင် ၂ ဖာလုံ ကျောက်တောင်မိုင်းခွဲချဲ့ခြင်း အပါအဝင် လမ်းတာပေါင်အကျယ် ၃၄ ပေ ရရှိစေရန် လမ်းချဲ့ခြင်း၊ လမ်းပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် လျှိုဖြတ် ၁၅ နေရာတွင် လမ်းဖြတ် ရေထုတ်ပြွန် ၁၅ စင်းတည်ဆောက်ခြင်းနဲ့ ၅၄ ပေအရှည် ကျောက်စီမြေကာနံရံ ၁ ခု ဆောက်လုပ်ရန် လျာထားပြီးတော့ ယခုအခါမှာ ပစ္စည်းစုဆောင်းခြင်းနဲ့ အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက် လျက်ရှိပါတယ်။ မိုးရာသီလည်းဖြစ်နေတာမို့ မိုးကုန်တာနဲ့အမျှ ဆက်လက်ပြီးတော့ ကျွန်တော်တို့ တိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်ခင်ဗျား။ ယခုမိုးရာသီတွင် ဆက်သွယ်သွားလာမှု မပြတ်တောက်ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပွင့်လင်း ရာသီတွင် တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မဘိမ်းမြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံအကြီးစား ပြင်ဆင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်လှိုင်၊ မဘိမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်လှိုင်(မဘိမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော် များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် ဖြစ်ပါ

တယ်။ ကျွန်တော်တို့ မြို့နယ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံဟာ တည်ဆောက်ထားတာ နှစ် ၅၀ခန့် ရှိပါပြီ။ အပေါ်အမိုးပိုင်းများ ပျက်စီးနေပါသဖြင့် ပျက်စီးနေသော အမိုးပိုင်းများကို အကြီးစားပြင်ဆင်ပေးမှု အစီအစဉ်ရှိ၊ မရှိ သိလိုပါတယ်ခင်ဗျား။ ရှိပါကမည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလို ပါ၍ ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင်မှ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်းမြို့နယ်တွင် ပျက်စီးနေသော ၂၅ ခုတင်ဆံ့ဆေးရုံ၏ အပေါ်အမိုး ပိုင်းများကို အကြီးစားပြင်ဆင်ပေးနိုင်မှု ရှိ၊ မရှိနှင့် ပြင်ဆင်ပါက မည်သည့်အချိန်တွင် ပြင်ဆင်ပေးမည် ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မဘိမ်း မြို့နယ်ဆေးရုံတွင် ပျက်စီးနေသော အမိုးပိုင်းများကို အကြီးစားပြင်ဆင်ပေးရန် ယခုနှစ် ဘတ်ဂျက်တွင် မဆောင်ရွက်ပေးနိုင်သော်လည်းပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြ တောင်းခံ၍ ဦးစားပေးအစီအစဉ်အရ ခွင့်ပြုရန်ပုံငွေဖြင့် အကြီးစားပြင်ဆင်ပေးနိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကြည့်မြင်တိုင် တစ်ဖက်ကမ်းကျေးရွာများတွင် တိုက်နယ်ဆေးရုံဆောက်လုပ်ပေးရန်နှင့် ဆရာဝန်များ အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေအတွင်းမှာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရှိ ကျေးရွာပေါင်း ၁၁ ရွာ ရှိပြီးတော့ လူဦးရေပေါင်းဟာ ၃၆၉၀၀ ရှိပါတယ်။ ပြည်သူများ မကျန်းမာခဲ့လျှင်သော်လည်းကောင်း၊

မီးဖွားခြင်းကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ အခြားအရေးပေါ်ကျန်းမာရေးကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း တိုင်းရင်းဆေးဆရာများနှင့် ကျန်းမာရေးမှူးများကိုသာ အားကိုးနေကြရပါတယ်။ အချိန်မရွေး ညသန်းခေါင်အရေးပေါ်ကိစ္စဖြစ်လျှင်လည်း မြို့ဘက်ကမ်းသို့ အခက်အခဲများစွာ ကြုံတွေ့ပြီးတော့ ကူးလာကြရပါတယ်။ မိုးတွင်းဖြစ်ပါကလည်း လှိုင်းလှေများ ကြားက ခက်ခက်ခဲခဲကူးကြရသဖြင့် မီးဖွားပြီး မိခင်တချို့နှင့် ရောဂါအသည်းအသန် ဖြစ်နေသော လူနာတချို့ဟာ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးသွားကြသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်ရပါတယ်။ မြို့ဘက်ကမ်းမှာတော့ မြို့နယ်ဒေသန္တရဆေးရုံက တစ်ရုံ၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးက တစ်ရုံ၊ ပုဂ္ဂလိက အာရှတော်ဝင်ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးခန်းများဖြင့် ပြည့်စုံစွာတည်ရှိနေပါတယ်။ မြို့ဘက်ကမ်းရှိဒေသန္တရဆေးရုံကို မြို့နေလူထုက လာရောက်ကုသမှု အလွန်နည်းပါးနေပါတယ်။ မြို့နယ်ဒေသန္တရဆေးရုံရှိ ဆရာဝန်များနှင့် Nurse များကို အားကိုးနေကြတဲ့ ကျေးရွာပြည်သူများထံသို့ သွားရောက်ကုသပေးသင့်ပါတယ်။ သို့ပါ၍ ကျွန်တော်မေးမြန်းလိုသော မေးခွန်း (၁) တစ်ဖက်ကမ်း ကျေးရွာ ၁၁ ရွာအတွက် ဆေးရုံတစ်ရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ (၂) ဘဏ္ဍာငွေ အခက်အခဲရှိပါကလည်း မြို့ဘက်ကမ်းတွင် တာဝန်ကျနေသော ဆရာဝန်များနှင့် Nurseများကို အချိန်ပိုင်းအဖြစ် ကျေးရွာများသို့ တာဝန်ထမ်းဆောင်ရန် အစီအစဉ် ရှိ၊ မရှိ။ ကျေးရွာနေပြည်သူများ ကိုယ်စား မေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန်မှ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်း ကျေးရွာပေါင်း ၁၁ ရွာ ရှိ လူဦးရေပေါင်း ၃၆၉၀၀ အတွက် တိုက်နယ်ဆေးရုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တိုက်နယ်ဆေးရုံဆောက်လုပ်ရန် ဘဏ္ဍာငွေအခက်အခဲရှိပါက ကြည့်မြင်တိုင်မြို့နယ် ဒေသန္တရဆေးရုံမှ ဆရာဝန်များ တစ်ဖက်ကမ်းရှိ ဆေးရုံများသို့ အချိန်ပိုင်းတာဝန်ထမ်းဆောင်ရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တိုက်နယ်ဆေးရုံတစ်ရုံဖွင့်လှစ်ရန် လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့

ဖော်ပြပါအချက်များကို သတ်မှတ်ထားရှိ စိစစ်လျက်ရှိပါတယ်။ (၁) ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ထားရှိသော ကျေးရွာဖြစ်ရမည်ဖြစ်ပြီး ၎င်းကျေးရွာလူထုမှ ယင်းကျေးလက်ကျန်းမာရေးဌာန ကို အသုံးချမှု ရာခိုင်နှုန်း Utilization Rate ကောင်းမွန်ရမှာ ဖြစ်ပါတယ်။ အဆောက်အဦ ဆောက်လုပ်ရန် မြေဧက အနည်းဆုံး ၄ ဧက ရှိဖို့ လိုအပ်ပါတယ်။ အဆောက်အဦ ပုံစံကို Type Plan အတိုင်း ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ရန် တာဝန်ယူနိုင်ရမယ့် ရွာလည်းဖြစ်ရပါမယ်။ တိုက်နယ် ဆေးရုံတည်နေရာသည် မြို့နယ်ဆေးရုံနှင့် ၁၀ မိုင်ထက်ဝေးသောနေရာဖြစ်ခြင်း၊ တိုက်နယ်ဆေးရုံရှိပြီး ဖြစ်ပါကလည်း ယင်းတိုက်နယ်ဆေးရုံနှင့် အနည်းဆုံး ၁၀ မိုင်ထက်ဝေးသောနေရာဖြစ်ခြင်းလည်း ထားရှိပါတယ်။ အိမ်ခြေနှင့် အိမ်ထောင်စုလူဦးရေများပြားပြီး လူဦးရေသိပ်သည်းမှုများပြားခြင်းဆိုတဲ့ ဟာလည်း အချက်တစ်ချက်ပါပါတယ်။ လုံခြုံမှုကောင်းမွန်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအရ မြို့နယ်ဆေးရုံများသို့ လာရောက်ရန်ခက်ခဲသောနယ်မြေမှ လူနာများ အလွယ်တကူ လာရောက်နိုင် သောနေရာဖြစ်ခြင်းစသည့်အချက်တွေပေါ်မူတည်ပြီးတော့ စဉ်းစားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းမှာတည်ရှိတဲ့ ဆေးရုံတစ်ရုံဖွင့်လှစ်ရန် လိုအပ်သော အချက်များကိုစိစစ်ပြီးတော့ အကယ်၍ ပြည့်စုံမယ်ဆိုလို့ရှိရင် အဆင့်ဆင့်တင်ပြပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယအချက်အနေနဲ့ ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းမှာ စက်ဆန်းကျေးလက် ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ သုံး ခုရှိပြီးတော့ လက်ထောက်ကျန်းမာရေးတစ်ဦး ဦးဆောင်ပြီးတော့ သားဖွားဆရာမများနှင့် ပြည်သူလူထုအတွက်လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက် မှုများကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကြည့်မြင်တိုင်မြို့နယ် ဒေသန္တရဆေးပေးခန်းမှ ဆရာဝန်များမှ တစ်ဖက်ကမ်းရှိကျေးရွာများသို့ ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အရေးပေါ် အခြေအနေလိုအပ်ပါက ကွင်းဆင်းဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်ပေးတဲ့အပြင် အထူးကုဆရာဝန် ကြီးများအနေနဲ့လည်း လိုအပ်သည့်အားလျော်စွာ အချိန်ပိုင်းသွားရောက် တာဝန်ထမ်းဆောင်လျက် ရှိတဲ့အတွက် လက်ရှိအချိန်ပိုင်း သတ်သတ်မှတ်မှတ် တာဝန်ထမ်းဆောင်ရန် အစီအစဉ်မရှိသေး ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းသာယာရှိကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်မေးမယ့်မေးခွန်းနှင့်ပတ်သက်ပြီးတော့ အနည်းငယ်တင်ပြလိုပါတယ်။ မြောက်ဦးမြို့နယ်ရှိ ကျီရာပြင်ကျေးရွာဟာ မြောက်ဦးမြို့မှ မြောက်ဘက် မိုင် ၂၀ နီးပါး ကွာဝေးသော အရပ်တွင် တည်ရှိသည့်ကျေးရွာ ဖြစ်ပါတယ်။ မြို့နဲ့အလွန်ဝေးကွာသော ရွာဖြစ်တဲ့အတွက်ကြောင့် ကျန်းမာရေးကိစ္စနှင့်ပတ်သက်လာလျှင် အခြေခံလူတန်းစားများ ဖြစ်တဲ့ အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသူ ကျောင်းသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု အလွန်အားနည်းနေပါသဖြင့် မိုင် ၂၀ နီးပါးကွာဝေးသော မြောက်ဦးမြို့ ပြည်သူ့ဆေးရုံနှင့် ၉ မိုင်ဝေးသော တိမ်ညိုကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်းများသို့ သွားရောက်ဆေးကုသရန် ဆန္ဒရှိကြပါသော်လည်း အခြေခံလူတန်းစားအများစုမှာ ကုန်ကျစရိတ်မတတ်နိုင်သဖြင့် အသက်အန္တရာယ်ဆုံးရှုံးရသည်အထိ ကြုံတွေ့ရကြောင်း ကြားသိနေရပါတယ်။ ယခုအခါ ကျီရာပြင်ကျေးရွာတွင် ပညာရေးဝန်ကြီးဌာနမှ အခြေခံပညာအထက်တန်းကျောင်းခွဲ ဖွင့်လှစ်ထားပြီးဖြစ်၍ ပတ်ဝန်းကျင် ၁၁ ရွာမှ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိနေပါတယ်။ လက်ရှိအခြေအနေတွင် ကျီရာပြင်ကျေးရွာ၌ ကျန်းမာရေးဆရာမ တစ်ဦးတည်းသာရှိသဖြင့် အရေးကြီးသောကျန်းမာရေးကိစ္စနှင့်ကြုံကြိုက်လာခဲ့ပါလျှင် မည်သို့မျှ မတတ်နိုင်ဘဲ မြို့ပေါ်ဆေးရုံနှင့် တိမ်ညိုဆေးခန်းများသို့ စရိတ်ကြီးစွာကုန်ကျခံ၍ သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုခံယူကြရပါသည်။ တစ်ခါတရံ အချိန်ကြန့်ကြာမှုကြောင့် အသက်အန္တရာယ်ဆုံးရှုံးရသည်အထိ ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ကျီရာပြင်ရွာနှင့် ပတ်ဝန်းကျင်ရွာများရှိ ဆင်းရဲနွမ်းပါးသော အလုပ်သမား၊ လယ်သမားနှင့် ကျောင်းသူ ကျောင်းသားများအတွက် အားထားရာ ကျန်းမာရေးစောင့်ရှောက်မှုများ မြှင့်တင်ပေးရန် ကျေးလက်ကျန်းမာရေးဌာနတစ်ခုလိုအပ်နေပြီဟု ဒေသခံများဆန္ဒအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(ဂ)တွင် နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၂၈(က)တွင် နိုင်ငံတော်သည်

ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်ရေးတို့အတွက် အလေးထားဆောင်ရွက်မည်ဟု လည်းကောင်း ဖော်ပြထားပါသဖြင့် ပတ်ဝန်းကျင်ကျေးရွာ ၁၁ ရွာကို ဗဟိုပြုသော ကျီရာပြင်ကျေးရွာ၌ ကျေးလက် ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးလက်နေအခြေခံလူတန်းစားများနှင့် ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုပေးနိုင်မည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုလည်း လေးစားလိုက်နာရာရောက်မည် ဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော် မေးလိုတဲ့မေးခွန်း ကတော့ (၁) မြောက်ဦးမြို့မှ မိုင် ၂၀ နီးပါးဝေးကွာသော ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေး ဌာနတစ်ခု ဖွင့်လှစ်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနမှ အစီအစဉ်ရှိပါသလား။ အစီအစဉ်ရှိပါက မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာမှ ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ မိုင် ၂၀ နီးပါးကွာဝေးသော ကျီရာပြင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေး ဌာနတစ်ခု ဖွင့်လှစ်ပေးရန် မေးခွန်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်မှာ ယခုလက်ရှိ ၂၅ ကုတင်ဆံ့မြို့နယ်ဆေးရုံတစ်ရုံ၊ မြောင်းဘွေတိုက်နယ်ဆေးရုံတစ်ရုံ၊ စုစုပေါင်းဆေးရုံ ၂ ရုံနှင့် ကျေးလက်ကျန်းမာရေးဌာန ၇ ခုတို့နှင့် ဒေသနေပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီမံကိန်းများလျာထားရေးဆွဲပြီးတော့ ဆေးရုံနှင့်ကျေးလက်ကျန်းမာရေးဌာန အသစ်များကို နှစ်စဉ်ဘဏ္ဍာရေးနှစ်မှာ စိစစ်တိုးချဲ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မြောက်ဦးမြို့နယ်မှာ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုပြည့်စုံစွာရရှိစေရန်အတွက် ကျီရာပြင်ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်ရရှိရေးကို လိုအပ်တဲ့အချက်အလက်များ ပြုစုပြီးတော့ ယခုနှစ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်အတွင်းမှာ ဦးစားပေးဖွဲ့စည်းပုံအဆိုပြုချက်များ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစီအစဉ်များကို နေ့လယ် ၁၁း၃၀ အချိန်မှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်၏ နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ကြားပေးရေး အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဝက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်အား နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်သင်ကြားပေးရေးအဆိုကို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**သူရဦးအေးမြင့် (ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခု ဖွင့်လှစ်သင်ကြားပေးရေးအဆိုဖြစ်ပါတယ်။ ဒီအဆိုကို ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ရော ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီအနေနဲ့ပါ တင်သွင်းသွားမှာဖြစ်ပါတယ်။ အဆိုတင်သွင်းရတဲ့အကြောင်းရင်းကတော့ မြန်မာ့အားကစားတိုးတက်မြင့်မားရေးအတွက် အဘက်ဘက်မှကြိုးပမ်းနေကြတဲ့ အခုလိုအချိန်မှာ အားသစ်လောင်းပြီးဉာဏ်ရည်ဉာဏ်သွေး (IQ) မြင့်မားတဲ့လူငယ်အားကစားသမားများမွေးထုတ်ရေးဟာ အထူးလိုအပ်နေတဲ့အတွက် ယခုအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အားကစားဟာ နိုင်ငံတစ်ခုရဲ့ဂုဏ်၊ ၎င်းနိုင်ငံမှာရှိတဲ့ ပြည်သူများရဲ့သိက္ခာဖြစ်ပါတယ်။ အားကစားတိုးတက်မြင့်မားရင် နိုင်ငံနှင့် ပြည်သူများရဲ့ဂုဏ်သိက္ခာမြင့်မားပြီး အားကစားနိမ့်ပါးရင်တော့ နိုင်ငံနှင့်ပြည်သူများရဲ့ ဂုဏ်သိက္ခာလည်း ကျဆင်းမှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ယနေ့ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးဟာ နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက်လည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုရဲ့ပြယုဒ်အဖြစ်လည်းကောင်း၊ နိုင်ငံအတွင်းမှာရှိတဲ့ပြည်သူများရဲ့ ကျန်းမာကြံ့ခိုင်ရေး၊ စည်းလုံးညီညွတ်မှုနှင့် စွမ်းအားများဖော်ထုတ်ပြသမှုအနေနဲ့လည်းကောင်း အားကစားကဏ္ဍကို အလေးထားမြှင့်တင်နေကြတာကိုတွေ့ရမှာဖြစ်ပါတယ်။ အားကစားကဏ္ဍမှာထိပ်တန်းအဆင့်ရောက်ရှိနေကြတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးတို့ရဲ့ အားကစားလုပ်ငန်းဆောင်ရွက်မှုများကို လေ့လာကြည့်မယ်ဆိုရင် လုပ်နည်းလုပ်ဟန်များ ကွဲပြားခြားနားမှုရှိကောင်းရှိမှာဖြစ်သော်လည်း ဦးတည်ချက်အနေနဲ့ ကွဲပြားခြားနားမှုမရှိကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ အဆိုပါတူညီတဲ့ ဦးတည်ချက်ကတော့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ထူးချွန်သောအားကစားသမားများ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်လေ့ကျင့်ပေးရေးနှင့် အရည်အသွေးမြင့်မားသော အားကစားနည်းပြများ၊ နည်းစနစ်မှူးများနှင့် အားကစားခေါင်းဆောင်များ အလုံအလောက်ရရှိအောင် စနစ်တကျလေ့ကျင့်ဖော်ထုတ်ပေးသွားရေးတို့ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအသီးသီးမှာ နိုင်ငံရဲ့အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ထူးချွန်ထက်မြက်ပြီး အလားအလာရှိကြတဲ့ လူငယ်မျိုးဆက်သစ်အားကစားသမားများနဲ့ နည်းပြများ၊ နည်းစနစ်မှူးများကို နိုင်ငံအနှံ့လိုက်လံရွေးချယ်ပြီး အားကစားလေ့ကျင့်ရေးစခန်းများ၊ အားကစားကျောင်း၊ အားကစားသိပ္ပံ၊ အားကစားတက္ကသိုလ်များ ဖွင့်လှစ်ပြီး စနစ်တကျပြုစုပျိုးထောင်လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်လျက်ရှိနေကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်ရဲ့အားကစား အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်မှုအစီအစဉ်ကို ကျင့်သုံးလျက်ရှိတဲ့အပြင် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနအောက်မှာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကို

၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့မှာလည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကို ၂၀၀၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာလည်းကောင်း အသီးသီးဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်း အဆိုပါအားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများဟာ အသက် ၁၈ နှစ်အောက် ငယ်ရွယ်သောကျောင်းသူ ကျောင်းသားများကိုသာ လေ့ကျင့်ပေးနိုင်သည့်ကျောင်းများဖြစ်ပါတယ်။ အားသစ်လောင်းပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်နေတဲ့ အားကစားဝါသနာပါတဲ့လူငယ်များ တက္ကသိုလ်အဆင့်ထိ ဆက်လက်လေ့ကျင့်မွေးထုတ်ပေးနိုင်ပါမှ နိုင်ငံတော်ရဲ့အားကစားမြှင့်တင်မှု ဆောင်ရွက်ချက်ဟာလည်း ပြည့်စုံနိုင်မှာဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်များကိုကြည့်မယ်ဆိုရင်လည်း အားကစားကွင်း၊ အားကစားရုံများ၊ အားကစားအထောက် အကူပစ္စည်းများ ပြည့်ပြည့်စုံစုံမရှိသေးတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ခေတ်မီအားကစားတက္ကသိုလ်တစ်ခုမဖြစ်မနေဖွင့်လှစ်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်နိုင်မည်ဆိုပါက အားကစား ဆိုင်ရာအောက်ပါအကျိုးကျေးဇူးများ ဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ (၁) ထူးချွန်ထက်မြက်ပြီးဉာဏ်ရည် ဉာဏ်သွေးမြင့်မားသော နိုင်ငံ့လက်ရွေးစင်လူငယ်မျိုးဆက်သစ်လူငယ် အားကစားသမားများကို စနစ်တကျလေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခြင်း (၂) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သော အရည်အသွေးပြည့်ဝသည့်အားကစား ခေါင်းဆောင်များပေါ်ထွက်လာနိုင်ခြင်း (၃) အရှိန်အဟုန်မြင့်မားစွာပြောင်းလဲတိုးတက်နေသော နိုင်ငံတကာအားကစားလုပ်ငန်းများနှင့်အတူ ရင်ပေါင်တန်းနိုင်မယ့် အားကစားဦးစီးအရာရှိများ၊ နည်းပြများ၊ နည်းစနစ်မှူးများကို လေ့ကျင့်ပြုစု ပျိုးထောင်ပေးနိုင်ခြင်း (၄) ခေတ်မီသိပ္ပံနည်းကျအားကစားနှင့် ကာယပညာဆိုင်ရာသုတေသန လုပ်ငန်းများကိုအဆင့်မီစွာလေ့လာဆောင်ရွက်နိုင်ခြင်း (၅) နိုင်ငံတကာ အားကစားတက္ကသိုလ်များနဲ့ ပေါင်းကူးဆက်သွယ်ပြီး ခေတ်မီအားကစားပညာရပ်များ၊ အားကစားအတွေ့အကြုံများ ဖလှယ်နိုင်ခြင်း တို့ပဲဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဆင့်မြင့်အားကစား ပညာရပ်များလေ့လာသင်ယူနိုင် ရေးအတွက် အားကစားတက္ကသိုလ်များ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိရာ အာရှနှင့်အာဆီယံနိုင်ငံ အသီးသီးအနေနဲ့ အောက်ပါအတိုင်းအားကစားတက္ကသိုလ်များ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ တရုတ် နိုင်ငံမှာ အားကစားတက္ကသိုလ် ၇ ခုနှင့် အားကစား Institute ၃ ခု၊ ဂျပန်နိုင်ငံမှာ အားကစား တက္ကသိုလ် ၂ ခု၊ ကိုရီးယားနိုင်ငံ အားကစားတက္ကသိုလ် ၁ ခု၊ ကိုရီးယားနိုင်ငံတွင် အားကစား တက္ကသိုလ် ၁ ခုပဲရှိသော်လည်း သူ့နိုင်ငံမှာရှိတဲ့တက္ကသိုလ်အားလုံးမှာ အထူးပြုအားကစားနည်းများ

သတ်မှတ်ပေးပြီး လေ့ကျင့်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ဗီယက်နမ်နိုင်ငံမှာ အားကစား တက္ကသိုလ် ၂ ခုနှင့် အားကစားကောလိပ် ၁ ခု၊ စင်္ကာပူနိုင်ငံမှာ National University of Singapore မှာတွဲပြီးတော့မှ သင်ကြားပေးလျက်ရှိနေပါတယ်။ ထိုင်းနိုင်ငံမှာ The University Sports Board of Thailand၊ မလေးရှားနိုင်ငံမှာ Malaysian University Sports Council၊ အင်ဒိုနီးရှားနိုင်ငံမှာ Indonesian University Sports Council ၊ ဖိလစ်ပိုင်နိုင်ငံမှာ University Athletics Association of the Philippines ဆိုပြီးတော့မှ တက္ကသိုလ်များကို အားကစားမြှင့်တင်ရေးအတွက် ကောင်စီများက ကြီးမှူးဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ်မှာ (၂၇) ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနိုင်ဖို့ အားကစားကွင်း၊ အားကစားရုံများနှင့် အခြားလိုအပ်တဲ့အဆောက်အဦများကို နေပြည်တော်မှာတည်ဆောက်လျက်ရှိရာမှာ မကြာမီပြီးစီးတော့မှာဖြစ်ပါတယ်။ (၂၅) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခဲ့တဲ့ လာအိုနိုင်ငံရဲ့အတွေ့အကြုံအရ ပြိုင်ပွဲမတိုင်မီတည်ဆောက်ခဲ့တဲ့ အားကစားကွင်း၊ အားကစားရုံများကို ပြိုင်ပွဲပြီးစီးပြီးနောက် ပြန်လည်အသုံးချနိုင်မှု၊ စောင့်ရှောက်နိုင်မှုအားနည်းတဲ့အတွက်ကြောင့် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပျက်စီးယိုယွင်းမည့်အလားအလာရှိနေကြောင်း လေ့လာသိရှိရပါတယ်။ မြန်မာနိုင်ငံမှာလည်း အလားတူမဖြစ်ရအောင် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလမှကျင်းပမယ့် (၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲကြီးပြီးစီးပါက အားကစားကွင်း၊ အားကစားရုံများ၊ အဆောက်အဦများကို အကျိုးရှိရှိဆက်လက်အသုံးချသွားဖို့ လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအနေဖြင့် အားကစားတက္ကသိုလ်တစ်ခုမရှိမဖြစ် ဖွင့်လှစ်ရန်လိုအပ်နေခြင်း၊ ၂၀၁၃ ခုနှစ်မှာ အိမ်ရှင်အဖြစ် ကျင်းပမယ့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးပြီးစီးပါက အားကစားကွင်း၊ အားကစားရုံများ၊ အဆောက်အဦများကို ထိန်းသိမ်းအသုံးချရန်လိုအပ်နေခြင်းတို့ကြောင့် နေပြည်တော် မှာရှိတဲ့ အားကစားအဝန်းအဝိုင်း (Sports Complex) မှာ နိုင်ငံတကာ အဆင့်မီအားကစား တက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရေးအဆိုကို လေးလေးနက်နက် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သူရဦးအေးမြင့်တင်သွင်းသွားတဲ့ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အားဖိတ်ခေါ်ပါတယ်။

**ဦးမိုးဇော်ဟိန်း(ကသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ရဲ့ နိုင်ငံတော်တွင် အားကစားတက္ကသိုလ်တစ်ခုဖွင့်လှစ်သင်ကြားပေးရေးအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမိုးဇော်ဟိန်းက ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကိုလက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ သူရဦးအေးမြင့် တင်သွင်းတဲ့အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် တင်သွင်းသွားတဲ့အဆိုကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက် (ကြာသပတေးနေ့) ပြည်သူ့လွှတ်တော် သတ္တမနေ့အစည်းအဝေးမှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် ၁၃း၀၀ နာရီအရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ တင်သွင်းမယ့် လွှတ်တော်ကိုယ်စားလှယ်ဟာ ဒီနေ့ အစည်းအဝေးကို မတက်ရောက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ အစီအစဉ် ၈၊ အစီအစဉ် ၉ ချန်လပ်ပြီး အစီအစဉ် ၁၀ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဦးသိန်းညွန့်၊ သယ်န်းမဲဆန္ဒနယ်၏ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ (အိန္ဒိယအက်ဥပဒေအမှတ်-၁၈)ကို ရုပ်သိမ်းသည့်ဥပဒေကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ (ခ)အရ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ (အိန္ဒိယအက်ဥပဒေအမှတ်-၁၈) ကို ရုပ်သိမ်းသည့်ဥပဒေကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ဖြစ်ပါတယ်။ ကျွန်တော် ဒီဥပဒေကြမ်းတင်သွင်းရခြင်းကတော့ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီး ပြောကြားလေ့ရှိတဲ့စကားတစ်ခွန်းဟာ ကျွန်တော်တို့အတွက် အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့လူမျိုးအတွက် အကျိုးရှိတဲ့ ဥပဒေသစ်တွေ ပြဋ္ဌာန်းဖို့လိုသလို တချို့ဥပဒေတွေကို ပြင်ဆင်ဖို့လိုသလို နိုင်ငံနှင့်လူမျိုးအတွက် အသုံးမဝင်တော့တဲ့ဥပဒေများကို ပြန်လည်ရုပ်သိမ်းပေးဖို့ဆိုတာ ကျွန်တော်တို့ ဥပဒေပြုရေး၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်ပါတယ်။ ဒီတာဝန်အရ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ (အိန္ဒိယဥပဒေအမှတ်-၁၈) ကိုရုပ်သိမ်းသည့်အက်ဥပဒေကို ကျွန်တော် လွှတ်တော်သို့ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ မြန်မာနိုင်ငံ ဥပဒေအတွဲ ၁ မှာ ထည့်သွင်းဖော်ပြထားပါတယ်။ နှစ်ပေါင်းအားဖြင့်ဆိုရင်လည်း ၁၆၀ ကျော်ခဲ့ပါပြီ။ လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့က ယနေ့ နိုင်ငံတကာဥပဒေမှာ ကျင့်သုံးနေဆဲဖြစ်တဲ့ ဗြိတိသျှဥပဒေရဲ့၊ အင်္ဂလိပ်ဥပဒေရဲ့ ကောင်းမွန်တဲ့အချက်အလက်များကိုလည်း အမြဲတမ်းသတိပြုမိပါတယ်။ ဒီလိုပါပဲ ဒီဥပဒေတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဖြတ်သန်းမှုသမိုင်း၊ ကျွန်တော်တို့ ယဉ်ကျေးမှု အခု ကျွန်တော်တို့

ရောက်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ ကိုက်ညီမှုရှိမရှိကိုလည်း ပြန်လည်စိစစ်သုံးသပ်ဖို့ လိုအပ်ပါတယ်။ ဒီဥပဒေဟာ ကျွန်တော်တို့အောက်မြန်မာနိုင်ငံကို ဗြိတိသျှနယ်ချဲ့တွေဟာ ကိုလိုနီပြုပြီး ကာလမှာ ရေးဆွဲခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေကို ရုပ်သိမ်းဖို့ တင်ရတဲ့အကြောင်းရင်းမှာ အချက်(၁)မှာ နှစ်ပေါင်း ၁၆၀ ကျော် ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်လို့ ဖြစ်ပါတယ်။ ဒုတိယအချက်အလက်ကတော့ ဒီဥပဒေဟာ ကျွန်တော်တို့ အခြေခံဥပဒေနဲ့ ဆန့်ကျင်နေတယ်လို့ ကျွန်တော် ရိုးရိုးသားသား ယုံကြည်ပါတယ်။ ကျွန်တော်တို့ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (က)မှာ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွပ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည် အဲဒီတော့ နိုင်ငံသားတိုင်းခံစားခွင့်တန်းတူမှုဖြစ်တဲ့အချိန်မှာ တရားရေးအရာရှိများကို အထူးအခွင့်အရေးပေးထားတဲ့ ပြဋ္ဌာန်းချက်မျိုးဟာ မလိုလားအပ်တော့ပါဘူး။ နောက်ဒီ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ မှာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကိုပင်လျှင် ကျွန်တော်တို့ စွပ်စွဲပြစ်တင်ခွင့်ပေးထားပါတယ်။ အဲဒီကာလမှာ ဒီတရားသူကြီးတွေကို အကာအကွယ်ပေးတဲ့ဥပဒေတွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်နေတဲ့အတွက် တကယ်တမ်းပြောရရင် ဒီဥပဒေတွေဟာ ဥပဒေအရကိုတည်ရှိနိုင်တဲ့ အနေအထားမရှိတော့ပါဘူး။ ကျွန်တော့် အမြင်ကတော့ မူလကနဦးကပင် ပျက်ပြယ်နေတဲ့ဥပဒေတွေဖြစ်ပါတယ်။ နောက်တရားသူကြီးတွေရဲ့ အကာအကွယ်နဲ့ ပတ်သက်ရင် ရာဇသတ်ကြီးဥပဒေမှာလည်း အကာအကွယ်ပေးထားပါတယ်။ ကျွန်တော်တို့ အခုသွားရမယ့်ရှေ့ခရီးမှာ ကျွန်တော်တို့ရဲ့ပြုပြင်ပြောင်းလဲရေးဟာ အားလုံးသိတဲ့အတိုင်းပဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနယ်ပယ်မှာ တစ်စုံတစ်ရာတိုးတက်ဖြစ်ထွန်းနေသော်လည်း တရားစီရင်ရေးနယ်ပယ်ကတော့ ကနေ့အချိန်အထိ ပြုပြင်ပြောင်းလဲမှုနဲ့ အင်မတန်ကိုအလှမ်း ကွာနေပါတယ်။ အဲဒါဟာ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ လွပ်လပ်စွာတရားစီရင်ရေးမှုကို ကာကွယ်ရမယ်။ တရားရုံးတွေကိုကာကွယ်ရမယ်။ တရားသူကြီးတွေကို ကာကွယ်ပေးခဲ့တာတွေကတော့ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ အခုတရားစီရင်ရေး ဥပဒေပြုရေးကော်မတီကို ရောက်လာတဲ့တိုင်စာတွေ ကျွန်တော့်လက်ဝယ်မှာဆိုရင်လည်း တရားသူကြီးတွေနဲ့ပတ်သက်တဲ့ တော်တော်များများတိုင်စာတွေရှိပါတယ်။ အဲဒါတွေဟာ ဘာလဲဆိုတော့ နှစ်ပေါင်းများစွာ တရားစီရင်ရေးစနစ်နဲ့ တရားသူကြီးကိုမခွဲခြားဘဲနဲ့ လွန်မင်းစွာ ကာကွယ်ပေးတဲ့အတွက် အခုလို အကျိုးဆက်တွေပေါ်ပေါက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ တရားမျှတမှုကို ဖော်ဆောင်မယ်ကျင့်သုံးမယ်ဆိုရင် သီးသန့်ကွက်ပြီးတော့အခွင့်ထူးခံပေးထားတဲ့

ပြဌာန်းချက်တွေကို တရားစီရင်ရေးနယ်ပယ်ကနေ ကျွန်တော်တို့ ပြန်လည်ပယ်ဖျက်ဖို့လိုပါတယ်။ ဒါကြောင့် ဒီအချက်တွေကို အခြေခံပြီးတော့ ခေတ်ကာလနှင့်လည်း မကိုက်ညီ၊ အခြေခံဥပဒေနှင့်လည်းဆန့်ကျင်၊ လွတ်လပ်စွာတရားစီရင်ရေးနဲ့ တရားရုံးကို ကာကွယ်တာမဟုတ်ဘဲနဲ့ တရားသူကြီးများကို အခွင့်ထူးပေးပြီးတော့ သီးသန့်ကာကွယ်ထားတဲ့ ဥပဒေများကို ကျွန်တော်တို့ တရားဥပဒေအရ အခုအချိန်မှာ ပြန်လည်ပြီးတော့ ပယ်ဖျက်ရုပ်သိမ်းဖို့လိုပါတယ်။ ဒါကြောင့် ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်တဲ့ဥပဒေ (အိန္ဒိယအက်ဥပဒေအမှတ်-၁၈) ကို ရုပ်သိမ်းဖို့ ပြည်သူ့လွှတ်တော်သို့ ဥက္ကဋ္ဌကြီးမှတဆင့် ကျွန်တော် ဥပဒေကြမ်းတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သယ်ဇာကျွန်းမဲဆန္ဒနယ်၏ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေ (အိန္ဒိယအက်ဥပဒေအမှတ်-၁၈) ကို ရုပ်သိမ်းသည့်ဥပဒေကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနှင့်ပတ်သက်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ရဲ့ ဆွေးနွေးမှုနှင့်သဘောထားကို သိလိုပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုလိုခြင်းဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေကို ရုပ်သိမ်းသည့်ဥပဒေနှင့် စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်သည့်ဥပဒေဟာ ကိုလိုနီခေတ်မတိုင်မီကပင် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေဖြစ်ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၁ ရာစုမှာ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုမရှိတော့တဲ့အတွက် ဒီဥပဒေကို ဖျက်သိမ်းပေးဖို့ အဆိုပြုတင်ပြထားတာကို တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်သည့်ဥပဒေမှာ ပုဒ်မတစ်ခုတည်းပဲ ပါရှိပါတယ်။ အဲဒီပုဒ်မမှာတော့ အောက်ပါအတိုင်း

ပြဋ္ဌာန်းထားပါတယ်။ မည်သည့် တရားသူကြီး၊ ရာဇဝတ်တရားသူကြီး၊ ကောလိတ္တော်အရာရှိ၊ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်သော ပုဂ္ဂိုလ်သည် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရာတွင် ၎င်းတွင်စီရင်ပိုင်ခွင့်ရှိသော သဘောရိုးဖြင့်ယုံကြည်ပြီး ဆောင်ရွက်သည့် ပြုလုပ်မှုအတွက် တရားရုံးတွင် တရားစွဲဆိုခြင်းမခံထိုက်စေရဆိုပြီးတော့ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်ခြင်းဥပဒေဟာ တရားသူကြီးများ၊ အခွန်အရာရှိများ၊ တရားရေးအရာရှိများကို အခွင့်ထူးပေးထားတဲ့ ဥပဒေမဟုတ်ပါဘူး။ အဆိုပါပုဂ္ဂိုလ်တို့က ၎င်းတို့ကို ပေးအပ်ထားတဲ့ တရားစီရင်ရေးဆိုင်ရာ တာဝန်ဝတ္တရားများကို ထမ်းဆောင်တဲ့နေရာမှာ သဘောရိုးဖြင့်ပြုလုပ်ဆောင်ရွက်မှုများအတွက် တရားမရုံးမှာ ၎င်းတို့အပေါ်မှာ တရားစွဲဆိုခြင်းမခံထိုက်စေရန် လိုအပ်တဲ့အတွက် အကာအကွယ်ပေးထားတာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တာဝန်ဝတ္တရားတစ်ခု ထမ်းဆောင်နေတဲ့အခါမှာ ထိုပုဂ္ဂိုလ်က အဂတိလိုက်စားခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ မတော်မတရားပြုလုပ်ခြင်းတို့မရှိဘဲနဲ့ သဘောရိုးနဲ့ ဆောင်ရွက်တဲ့ပြုလုပ်မှုအတွက် ထိုပုဂ္ဂိုလ်အပေါ်မှာ အရေးယူရန်သင့်တော်မည်မဟုတ်ပါဘူး။ သဘောရိုးဖြင့်ဆောင်ရွက်သူကို ဥပဒေအရ အကာအကွယ်ပေးမှသာလျှင် သင့်လျော်မျှတမယ် ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဥပဒေအရ ကာကွယ်ပေးမှသာလျှင်လည်း တာဝန်ပေးအပ်ခံရသူတို့အနေနဲ့ မိမိတို့ကိုပေးအပ်တဲ့ တာဝန်ဝတ္တရားကို ရဲဝံ့မှန်ကန်စွာဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပေးအပ်ထားတဲ့ တာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သူကို အကာအကွယ်ပေးတဲ့ ဥပဒေဟာ ဒီတရားရေးကဏ္ဍတစ်ခုထဲမှာပဲပြဋ္ဌာန်းထားတာမဟုတ်ပါဘူး။ ဌာနဆိုင်ရာအသီးသီးမှာရှိတဲ့ သက်ဆိုင်ရာဥပဒေများမှာလည်း တာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သူတွေကို အကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အောက်ဖော်ပြပါဥပဒေများမှာ အဲဒီဥပဒေအရ ပေးအပ်တဲ့တာဝန်ဝတ္တရားကို သဘောရိုးဖြင့် ဆောင်ရွက်သူ မည်သူ့ကိုမျှ ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုခြင်းမရှိစေရလို့ ပြဋ္ဌာန်းချက်များရှိပါတယ်-

(က) ၁၉၅၃ ခုနှစ် တိုင်းရင်းမြန်မာ ဆေးဆရာအဖွဲ့အက်ဥပဒေပုဒ်မ ၂၉ မှာလည်း အဲလို ပြဋ္ဌာန်းချက်ပါပါတယ်။

(ခ) ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၂၃ မှာလည်း အလားတူ ပြဋ္ဌာန်းချက်မျိုးထည့်သွင်းပြဋ္ဌာန်းထားတာကိုတွေ့ရှိနိုင်မှာဖြစ်ပါတယ်။

(ဂ) ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၃ မှာလည်း ထိုနည်းလည်းကောင်းပါပဲ။

(ဃ) နိုင်ငံသားအခွင့်အရေးကာကွယ်စောင့်ရှောက်ပေးတဲ့ ဥပဒေပုဒ်မ ၁၈ မှာလည်း ဒီပြဋ္ဌာန်းချက်မျိုးပါရှိပါတယ်။

(င) သူနာပြုနှင့် သားဖွားဆိုင်ရာ ဥပဒေပုဒ်မ ၃၀၊

(စ) သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေပုဒ်မ ၁၇၊

(ဆ) မြန်မာ့ပင်လယ်ငါးဖမ်းလုပ်ငန်း ဥပဒေပုဒ်မ ၅၉၊

(ဇ) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေပုဒ်မ ၃၆၊

(ဈ) ပုဂ္ဂလိက စက်မှုလုပ်ငန်းဥပဒေပုဒ်မ ၃၃၊

(ည) မျက်စိလျှုဒါန်းခြင်း ဥပဒေပုဒ်မ ၂၀၊

(ဋ) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၄၊

(ဌ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၀ (ခ)၊

(ဍ) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၇၊

(ဎ) အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၆၊

(ဏ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၆၊

(တ) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေပုဒ်မ ၃၃၊

(ထ) ကိုယ်ပိုင်မှတ်ပုံတင်ကျောင်း ဥပဒေပုဒ်မ ၄၀ တို့မှာလည်း အလားတူပြဋ္ဌာန်းချက်မျိုး ထည့်သွင်းပြီးပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများကို ကာကွယ်သည့်ဥပဒေမှာ မိမိတာဝန်ကို သဘောရိုးဖြင့်ဆောင်ရွက်သူကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမခံထိုက်စေရဟု လို့သာပြဋ္ဌာန်းထားပါတယ်။ ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်းမှ အကာအကွယ်ပေးတဲ့ ပြဋ္ဌာန်းချက်ကိုတော့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၇၇ မှာ ပြဋ္ဌာန်းထားတာကိုတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပေးအပ်ထားသည့် တာဝန်ဝတ္တရားကို ထမ်းဆောင်တဲ့နေရာမှာ သဘောရိုးဖြင့် ဆောင်ရွက်သူကို

အကာအကွယ်ပေးတဲ့ဥပဒေကို မြန်မာနိုင်ငံမှာကဲ့သို့ အခြားနိုင်ငံများမှာလည်း ပြဋ္ဌာန်းထားတာမျိုးကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာအားဖြင့် အိန္ဒိယနိုင်ငံမှာဆိုလို့ရှိရင် The Judicial Officers Protection Act နှင့် The Judges (Protection) Act ကိုပြဋ္ဌာန်းထားတာရှိပါတယ်။ စင်ကာပူ နိုင်ငံမှာဆိုလို့ရှိရင် Supreme Court of Judicature Act နှင့် Subordinate Court Act ဆိုပြီးတော့ ပြဋ္ဌာန်းချက်များရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုလည်း The Judicial Officers Protection Act, 1850 ပါပဲ အဲလိုပြဋ္ဌာန်းချက်တွေရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာဆိုရင် လည်း ဒီတရားစီရင်ရေးတာဝန်ထမ်းဆောင်တဲ့ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ဥပဒေကြောင်းအရ အကာအကွယ်ပေးထားကြောင်း သိရှိရပါတယ်။ ဒါကြောင့် တရားရေးအရာရှိများ၊ တရားသူကြီးများကို ကာကွယ်တဲ့ဥပဒေကို မြန်မာနိုင်ငံသာမက နိုင်ငံတကာပါ ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ တရားရေးအရာရှိများကို ကာကွယ်တဲ့ဥပဒေဟာ တရားရေးတာဝန်ကို ထမ်းဆောင်တဲ့နိုင်ငံသားတိုင်း ကို ကာကွယ်ပေးထားတာဖြစ်ပါတယ်။ တရားရေးတာဝန်ကို ထမ်းဆောင်ရခြင်းမရှိတဲ့ နိုင်ငံသားတို့ကို တော့ ကာကွယ်ပေးရန်မလိုတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က) မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတိုင်းဟာ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားတဲ့ တန်းတူညီမျှမှု အခွင့် အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်ဆိုတဲ့ မူနဲ့ ညီညွတ် ခြင်းမရှိဟု ဆိုနိုင်မည်မဟုတ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရေးအရာရှိတွေကို ကာကွယ်တဲ့ဥပဒေဟာ တရားရေးအရာရှိများ၊ တရားသူကြီးများအား အခွင့်ထူးပေးထားခြင်းမရှိပါဘူး။ ထိုဥပဒေမှာ အကျင့်ပျက်တဲ့ တရားသူကြီး၊ လာဘ်စားတဲ့တရားသူကြီး၊ အဂတိလိုက်စားတဲ့တရားသူကြီးများကို လုံးဝအကာအကွယ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များ မပါရှိပါဘူး။ ထို အကျင့်ပျက်တဲ့ တရားသူကြီးများအား သက်ဆိုင်ရာဥပဒေများအရ အရေးယူအပြစ်ပေးခြင်းကို ဤဥပဒေက တားမြစ်ကာကွယ်ထားခြင်းမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါ တယ်။ တရားဝင်အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အရ မိမိတာဝန်ကို သဘောရိုးဖြင့်ထမ်းဆောင်တဲ့ တရားရေးအရာရှိတွေကို ကာကွယ်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတိုင်းက ဥပဒေ ပြဋ္ဌာန်းပြီးတော့ အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။ တရားရေးအရာရှိကိုကာကွယ်တဲ့ဥပဒေဟာ တရားသူကြီးတွေကို လိုအပ်သည်ထက်ပိုပြီးတော့လည်း အကာအကွယ်ပေးထားတာ မရှိပါဘူး။ တခြား သောဥပဒေတွေမှာလည်းကောင်း၊ အခြားသောနိုင်ငံများမှာရှိတဲ့ ဥပဒေများမှာလည်းကောင်း ပေးအပ် တဲ့တာဝန်ကို သဘောရိုးဖြင့် ထမ်းဆောင်တဲ့သူတွေကို ပြစ်မှုကြောင်းအရလည်းကောင်း၊ တရားမ

ကြောင်းအရလည်းကောင်း တရားစွဲဆိုခံရခြင်းမှ အကာအကွယ်ပေးထားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ၁၈၅၀ ခုနှစ် တရားရေးအရာရှိများအား ကာကွယ်တဲ့ဥပဒေမှာတော့ တရားသူကြီးကို တရားမကြောင်းအရ တရားစွဲဆိုခြင်းကိုသာ ကာကွယ်ထားပြီးတော့ ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းမှ ကာကွယ်ပေးထားတာမရှိကြောင်း တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေဟာ တရားသူကြီးများကို လိုအပ်သည်ထက် ပို၍ အကာအကွယ်ပေးထားတယ်လို့ မဆိုနိုင်တဲ့အပြင် လိုအပ်တဲ့ အကာအကွယ်ကိုပင် ပေးထားခြင်းမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားရေးအရာရှိများကို ကာကွယ်တဲ့ဥပဒေကိုဖျက်သိမ်းမယ်ဆိုပါက တရားရေးအရာရှိများနည်းတူ အခြားသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေကြတဲ့ပုဂ္ဂိုလ်တွေကို အကာအကွယ်ပေးထားတဲ့ အထက်ဖော်ပြခဲ့တဲ့ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း ဖျက်သိမ်းရန်သင့်မသင့်ကို စဉ်းစားရတော့မှာဖြစ်ပါတယ်။ တခြားသောတာဝန်ဝတ္တရားများကို ထမ်းဆောင်သူတို့အား အကာအကွယ်ပေးထားတဲ့ ဥပဒေများကို မဖျက်သိမ်းဘဲနဲ့ တရားရေးအရာရှိများကို ကာကွယ်တဲ့ဥပဒေကိုသာ ကွက်ပြီးရုပ်သိမ်းမယ်ဆိုရင်တော့ တရားမျှတမှုရှိမယ်မဟုတ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

အချုပ်အားဖြင့်တင်ပြရမယ်ဆိုရင် ၁၈၅၀ ခုနှစ် တရားရေးအရာရှိများအား ကာကွယ်တဲ့ဥပဒေဟာ တရားသူကြီးများအား အခွင့်ထူးပေးတဲ့ဥပဒေမဟုတ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(က) တွင် ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှုမရှိဟု မဆိုနိုင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားသူကြီးများကို စွပ်စွဲအပြစ်တင်နိုင်တဲ့ကိစ္စနဲ့ သက်ဆိုင်မှုမရှိခြင်း၊ မိမိတာဝန်ကိုသဘောရိုးဖြင့်ထမ်းဆောင်သူ တရားသူကြီးအား ဥပဒေအရ အကာအကွယ်ပေးရန် အမှန်တကယ်လိုအပ်ခြင်း၊ တရားရေးအရာရှိများကို ကာကွယ်တဲ့ဥပဒေဟာ ကိုလိုနီခေတ်မတိုင်မီက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်သည့်မှာမှန်သော်လည်းပဲ ယခု ၂၁ ရာစုတွင်သာမက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစီရင်ရေးဆိုင်ရာ အလုပ်တာဝန်ဝတ္တရား ထမ်းဆောင်နေသမျှကာလပတ်လုံး ဆက်လက်ပြီးတော့ အကာအကွယ်ပေး ပြဋ္ဌာန်းရန် လိုအပ်ခြင်း တို့ကြောင့် ၁၈၅၀ ခုနှစ် တရားရေးအရာရှိများ ကာကွယ်တဲ့ဥပဒေကို ရုပ်သိမ်းရန် မသင့်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းတဲ့ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတာဝန်ကို သဘောရိုးဖြင့်ထမ်းဆောင်ခြင်းဆိုတာ အချက်အလက်ပြဿနာပါ။ ဒီ အချက်အလက်က မှန်ကန်မှုရှိမရှိကို ပြစ်မှုကြောင်းအရလည်း ရာဇသတ်ကြီးမှ အကာအကွယ်ယူထားပြီး

ပါပြီ။ ခုနက ပြောတဲ့ ပုဒ်မ ၇၇ ပါ။ တရားမကြောင်းဆိုတာ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံတွေမှာ ဘယ်သူကိုဖြစ်ဖြစ် မှားယွင်းတယ်လို့ ယူဆရင် တရားစွဲခွင့်ရှိပါတယ်။ သဘောရိုးတာဝန်ထမ်းလား။ မထမ်းလားဆိုတာကတော့ တရားရုံးတော်ကျရင် ဖြေရှင်းဖို့လိုပါတယ်။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မှားယွင်းတဲ့ စီရင်ချက်တွေကြောင့် ကျွန်တော်တို့ နိုင်ငံမှာ ဘဝပျက်သွားရတဲ့ လူတွေအများကြီးရှိပါတယ်။ အဲဒါကြောင့် တရားသူကြီးဖြစ်တဲ့အတွက် တရားမကြောင်းကို မရင်ဆိုင်ဝံ့ဘူးဆိုရင် ကျွန်တော်နားကိုမလည်ဘူး။ ကိုယ်မှန်တယ် သဘောရိုးနဲ့ထမ်းဆောင်တယ်ဆိုရင် လွတ်လပ်တဲ့တရားစီရင်ရေးစနစ်အောက်မှာ မိမိဟာ သဘောရိုးဖြင့်တာဝန်ထမ်း၊မထမ်း တရားမကြောင်းမှာ ခုခံခွင့်ရပါတယ်။ တရားမကြောင်းမှာတော့ နစ်နာသူတွေဟာ တရားမနစ်နာမှု ဥပဒေအရ တရားသူကြီးတွေကို မှားယွင်းတဲ့စီရင်ချက်တွေချတဲ့အတွက် နစ်နာတဲ့လျော်ကြေးတွေကို သိန်းသောင်းကုဋေချီပြီးတော့ နစ်နာမှုတွေကို တရားစွဲမှ ကျွန်တော်တို့တရားစီရင်ရေးစနစ်ကြီးကို ကောင်းမွန်အောင်ပြုပြင်ပေးနိုင်မှာပါပဲ။ ဒါကြောင့် ကျွန်တော်ကတော့ ကျွန်တော့်ဥပဒေကြမ်းကို ကျွန်တော်လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီဥပဒေအကြောင်းအရာကိစ္စများဟာ မိမိတို့သာမန်လွှတ်တော် ကိုယ်စားလှယ်အနေနဲ့ တချို့ကိစ္စတွေကို နားလည်နှံ့စပ်ဖို့ နည်းနည်းလက်လှမ်းဝေးတဲ့သဘောရှိပါတယ်။ ဒါကြောင့်လည်း မိမိလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ နိုင်ငံသားများ၏ အခွင့်အရေး၊ နိုင်ငံတော်၏အကျိုးစီးပွားတစ်နည်းပြောမယ်ဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေသော ဥပဒေများပေါ်ပေါက်ရေးဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေများနှင့်ပတ်သက်ပြီးတော့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားကို မစောင့်ရှောက်နိုင်တော့ဘူးဆိုရင် ဥပဒေများကို ရုပ်သိမ်းဖို့၊ ပြင်ဆင်ဖို့၊ အသစ်ပြဋ္ဌာန်းဖို့ မိမိတို့ လွှတ်တော်အနေနဲ့ ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။ ဒါလည်း ကျွန်တော်တို့ အကြိမ်ကြိမ်တင်ပြခဲ့တာရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ပြဋ္ဌာန်းရန်အတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်း ထူထောင်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဦးသိန်းညွန့်ရဲ့တင်ပြချက်ဟာ ဥပဒေအကြောင်းအရာတွေနဲ့ သက်ဆိုင်သလို ပြန်လည်ဆွေးနွေးသွားတဲ့ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ တင်ပြချက်တွေကလည်း ဥပဒေအကိုးအကားများနဲ့ တင်ပြတာဖြစ်ပါတယ်။ ဒီလို တင်ပြတဲ့နေရာမှာ မိမိတို့ နားလည်မှုပြည့်စုံချင်မှပြည့်စုံနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူဖို့ဆိုတဲ့နေရာမှာ တစ်ဆင့် ကျွန်တော့်ဘက်က ထပ်ပြီး

ထည့်ချင်ပါတယ်။ အခု အဆိုနဲ့ အဆိုရှင်းလင်းချက်ကို ကျွန်တော်လွှတ်တော်က ဖွဲ့စည်းထားတဲ့ ဥပဒေများလေ့လာသုံးသပ်ရေးကော်မရှင်ကို လွှဲအပ်ပါမယ်။ ဥပဒေများလေ့လာသုံးသပ်ရေးကော်မရှင်က သဘောထားမှတ်ချက်များနှင့်အတူ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ကို ပြန်တင်ပြပါမယ်။ အဲဒီလို တင်ပြတဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ရှင်းရှင်းလင်းလင်းသိပြီးတဲ့နောက်မှာမှ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူရတာ ပိုသင့်မြတ်မှာဖြစ်တဲ့အတွက် အဆိုရှင်တင်ပြချက်နဲ့ ပြန်လည်ဆွေးနွေးခဲ့တဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ရဲ့ ဆွေးနွေးချက်တွေကို ဥပဒေရေးရာနှင့်လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က လက်ခံပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ ပြန်လည်တင်ပြပြီး နောက်မှ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ဥပဒေကြမ်းတစ်ခုပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ)အရ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးသိန်းညွန့်အား ဖိတ်ခေါ် ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်း တင်သွင်းရခြင်းနှင့်ပတ်သက်၍ အနည်းငယ်ရှင်းလင်းပြလိုပါတယ်။ အားလုံးသိတဲ့အတိုင်း ဒုတိယပုံမှန်အစည်းအဝေးမှာ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြန်လည်ရုပ်သိမ်းဖို့ ကျွန်တော်အဆို တင်သွင်းခဲ့ပါတယ်။ သို့သော် ၃ မဲသာရတဲ့အတွက် ကျွန်တော့်အဆို အရေးနိမ့်ခဲ့ပါတယ်။ အခုကျတော့ ဥပဒေကြီးတစ်ခုလုံးကို ရုပ်သိမ်းဖို့ မတင်တော့ပါဘူး။ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ တင်သွင်းရခြင်း ဖြစ်ပါတယ်။ ဒါကလည်းဘာကြောင့်လဲဆိုတော့ ဤဥပဒေဟာ ၁၉၂၆ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့အတွက် အခု ဒီမိုကရေစီ

ခေတ်နဲ့ မဆီလျော်တော့ဘူးလို့ ယူဆပါတယ်။ နောက်တစ်ခုက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၂ မှာလည်း တရားစီရင်ရေးဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်းတွေကို တမင်စော်ကားတာ၊ ဝင်ရောက်နှောင့်ယှက်တာတွေကို ကာကွယ်ပေးထားပြီးဖြစ်ပါတယ်။ ဒီလိုပါပဲ ပြစ်မှုဆိုင်ရာဥပဒေ အခန်း (၁၁) မှာလည်း တရားရုံးများနှင့်ပတ်သက်ပြီး မမှန်မကန်တရားစီရင်တာ၊ တရားစီရင်ရေးကို ဝင်ရောက်နှောင့်ယှက်တာတွေကို အရေးယူဖို့ ပေးထားပြီးဖြစ်ပါတယ်။ ဒီဥပဒေမှာကတော့ ပုဒ်မက ၃ ခုပဲ ပါပါတယ်။ ပုဒ်မ ၁ က ဖျက်သိမ်းထားပြီးပါပြီ။ ဒီဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေဟာ တန်းတူညီမျှမှုအခွင့်အရေး၊ တရားမျှတရေးအတွက် တရားသူကြီးများကို လိုအပ်သည်ထက် လွန်စွာကာကွယ်ပေးထားတဲ့ ဥပဒေပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒီဥပဒေနဲ့ ပတ်သက်ပြီး ပြစ်ဒဏ်ကျခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ပြန်လည်လေ့လာကြည့်ရင် အထူးသဖြင့် သတင်းမီဒီယာသမားတွေ၊ ဆရာဇဝနတို့၊ ဦးကိုကိုလေးတို့ အပါအဝင် သတင်းမီဒီယာလောကမှာ လူသိများတဲ့ပုဂ္ဂိုလ်ကြီးတွေပင်လျှင် ဒီဥပဒေအရ အပြစ်ပေးခြင်း ခံခဲ့ရပါတယ်။ ရှေ့မှာလည်း သတင်းမီဒီယာတွေကို စတုတ္ထမဏ္ဍိုင်အဖြစ် အခုအသိအမှတ်ပြုပြီး ဖြစ်ပါတယ်။ သတင်းမီဒီယာဥပဒေတွေလည်း ပြဋ္ဌာန်းလာတော့မှာပါ။ ဒီအချိန်မှာ သတင်းမီဒီယာသမားတွေ ဒီဥပဒေကြောင့် ဝက်ခြံနဲ့ တရားရုံးရဲ့စီရင်ထဲကို ရောက်သွားမယ့်ဟာကိုလည်း လေးလေးနက်နက် စဉ်းစားရပါမယ်။ ဒီဥပဒေနှင့်ပတ်သက်ပြီး တစ်ခုလုံးကို မရုပ်သိမ်းဘဲနဲ့ ပြင်ဆင်ချက်တင်သွင်းတဲ့အခါမှာ ဒီပြင်ဆင်ချက်တွေကို အနည်းငယ်ရှင်းလင်းပြလိုပါတယ်။ ပထမပြင်ဆင်ချက်ကတော့ တရားရုံးတို့၏ မှုခင်းဆောင်ရွက်ချက်များကို ဖြစ်စေ၊ မှုခင်းဆောင်ရွက်မှု ပြီးပြတ်ပုံကိုဖြစ်စေ အရေးပါသော အချက်၌ မှန်ကန်စွာ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုံနှိပ်ဖော်ပြခြင်းသည် တရားရုံးတော်ကို မထီလေးစားရာ မရောက်။ ဒါကလည်း ဘယ်ကယူထားလဲဆိုတော့ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅ အရ စတုတ္ထကင်းလွတ်ချက်ကို တရားရုံးမထီမဲ့မြင်ပြုမှုမှာ ပထမကင်းလွတ်ချက်အဖြစ် ပြောင်းလဲပြီးတော့ တင်ပြထားတာ ဖြစ်ပါတယ်။ ဒုတိယကင်းလွတ်ချက်ကတော့ တရားရုံးက စီရင်ဆုံးဖြတ်ပြီးတော့ တရားမအမှု၏ သို့တည်းမဟုတ် ပြစ်မှုအရည်အသွေးနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ထိုအမှုတွင် အမှုသည်၏ သို့တည်းမဟုတ် သက်သေ၏ သို့တည်းမဟုတ် ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်သူ၏ အပြုအမူနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အပြောအဆို၊ အရေးအသား၊ ပုံနှိပ်ဖော်ပြခြင်းသည် တရားရုံးကို မထီလေးစားရာမရောက်။ ဒါကလည်း ဥပဒေပုဒ်မ ၅ အရ ပဥ္စမကင်းလွတ်ချက်ကို ယူပြီးတော့ ပြင်ဆင်ချက်မှာ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ တတိယကင်းလွတ်ချက်ကတော့ တရားရုံးစစ်ဆေးစီရင်ရန် တင်ထားပြီး အမှုနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်ကို ရေးသားဖော်ပြလျှင် တရားရုံးတော်ကို

မထီလေးစားရာမရောက်။ တရားစီရင်ရေးမဏ္ဍိုင်ခိုင်မာစေရန် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးအတွက် ရေးသားဖော်ပြချက်များသည် တရားစီရင်ရေးလမ်းကြောင်းကို ဝင်ရောက်စွက်ဖက်ရာမရောက်သဖြင့် တရားရုံးတော်ကို မထီမဲ့မြင်ပြုသည်မမြင်။ ဒါကလည်း ဘယ်ကယူထားလဲဆိုတော့ စတုတ္ထမဏ္ဍိုင်ကို အကာအကွယ်ပေးဖို့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၃ အရ ပြဋ္ဌာန်းချက်ကို အထောက်အကူပြုပြီး ရေးသားထားခြင်းဖြစ်ပါတယ်။ နောက်စတုတ္ထကင်းလွတ်ချက်ကတော့ အမှုနှင့်စပ်လျဉ်း၍ သတင်းစာမှ ကြော်ငြာသော်လည်း အမှုစစ်တရားသူကြီးအပေါ် သြဇာလွှမ်းမိုးနိုင်ခြင်းမရှိလျှင် တရားရုံးတော်ကို မထီမဲ့မြင်ပြုရာရောက်သည် မမြင်။ ဒါလည်း တရားရုံးတော်ကို မထီမဲ့မြင်ပြုမှုနှင့်ပတ်သက်ပြီး အရေးယူခဲ့တဲ့ပြစ်မှုမှာ သခင်မျိုးညွန့်နှင့် သခင်ပုပါ စီရင်ထုံး။ အဲဒီစီရင်ထုံးတစ်ခုကိုပဲ တရားစွဲခံရတဲ့သူဘက်က ရပ်တည်ပေးခဲ့တာကို တွေ့ခဲ့တဲ့အတွက် ဒါကိုလည်း စတုတ္ထကင်းလွတ်ချက်မှာ ထည့်သွင်းထားပါတယ်။ ပဉ္စမကင်းလွတ်ချက်ကတော့ တရားသူကြီးတစ်ဦးဦးက ၎င်း၏ ကိုယ်ရေးကိုယ်တာကိစ္စနှင့် ပုဂ္ဂိုလ်ရေးအရ အမှားအယွင်းအပေါ် တိုင်ကြားခြင်းသည် တရားရုံးတော်ကို မထီမဲ့မြင်ပြုရာမရောက်။ ဒါကလည်း ဒီနေ့ ပြည်သူတွေ တရားသူကြီးတွေနဲ့ပတ်သက်ပြီးတိုင်တဲ့အခါ အဂတိလိုက်စားမှုတွေနဲ့ပတ်သက်ပြီး တိုင်တဲ့ဟာတွေ၊ ဒါကို အလွဲသုံးစားလုပ်ပြီးတော့ လွန်ကျူးတဲ့ဟာကို တိုင်ခဲ့တာ၊ အဲဒီတိုင်ကြားတဲ့သူတွေအပေါ်မှာ တရားရုံးတော်ကို မထီမဲ့မြင်ပြုမှုနဲ့ အရေးယူခံရတဲ့ဖြစ်ရပ်တွေ ကြားခဲ့ရပါတယ်။ သိခဲ့ရပါတယ်။ ဒါတွေကို ပြည်သူလူထုအတွက် နောက်ထပ်တရားရေးအာဏာကို သုံးပြီးတော့ ပြည်သူလူထုအပေါ်မှာ လွဲလွဲမှားမှား တရားစွဲပြီး ပြစ်ဒဏ်ပေးတာတွေက ကျွန်တော်တို့အတွက်၊ နိုင်ငံအတွက် မရှိသင့်တော့ဘူးလို့ ယူဆပါတယ်။ ဒါကြောင့် ကင်းလွတ်ခွင့်တွေကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ရာဇသတ်ကြီးမှာ ပါတဲ့ ကင်းလွတ်ချက် ၄ ချက်နဲ့ စီရင်ထုံးတွေ၊ ကျန်တဲ့တရားစီရင်ရေးဥပဒေတွေကို ယူပြီးတင်ပြထားပါတယ်။ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးဖို့ ပြင်ပါတယ်။ အခြားတည်ဆဲ ဥပဒေတစ်ရပ်တွင် အတိအလင်းပြဋ္ဌာန်းထားသည်မှတပါး တရားရုံးကို မထီမဲ့မြင်ပြုပါက ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ် တစ်သိန်း ချမှတ်ရမည်။ ဘာလို့လဲဆိုရင် ဒီဥပဒေတွေနဲ့ ထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် သို့မဟုတ် နှစ်ရပ်လုံး ပေးခဲ့တဲ့ဖြစ်ရပ်တွေ အများကြီး တွေ့ရပါတယ်။ အဲဒီထဲမှာ ဒီတရားစီရင်ရေးဟာ မှန်ကန်တဲ့စီရင်ချက်တွေ မဟုတ်နိုင်တဲ့ဖြစ်ရပ်တွေကိုလည်း အများကြီး ကြုံတွေ့ခဲ့ပါတယ်။ ဒါကြောင့် အခုလို သတင်းမီဒီယာသမားတွေ သတင်းရေးသားမှု လွတ်လပ်မှုကို ယူလာတဲ့အခါမှာ ဒီဥပဒေကြောင့်လည်း ခလုတ်တိုက်နိုင်ပါတယ်။ ဒါကြောင့် သူတို့အတွက် အကယ်၍

တရားစွဲခံရရင်တောင် ပြစ်မှုကြောင်းတွေ မစွဲသင့်တော့ပါဘူး။ ပြစ်မှုကြောင်းကို အိန္ဒိယလိုနိုင်ငံမှာ တောင် ပြစ်မှုကြောင်းကတစ်ဆင့် တရားမကြောင်းပြောင်းပြီး စွဲပြီးတော့ လူတွေကို ထောင်ထဲမရောက် အောင် တားဆီးပေးတာတွေ တွေ့ရပါတယ်။ အဲဒါကြောင့် ဒီဥပဒေကို တရားရုံးများကို မထီမဲ့မြင်ပြုမှု အက်ဥပဒေကို ဒုတိယပုံမှန်အစည်းအဝေးတုန်းက ရုပ်သိမ်းဖို့ အဆိုတင်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါ ဘူး။ အဲဒီဟာကို သင်ခန်းစာယူပြီးတော့ ဒီတစ်ခါတော့ ပြင်ဆင်တဲ့အချက် ကင်းလွတ်ခွင့်တွေ ၅ ချက် ထည့်ပါတယ်။ ထောင်ဒဏ်နေရာမှာ တရားမကြောင်းအဖြစ် ငွေဒဏ်သာပေးဖို့ ပြင်ဆင်ထားပါတယ်။ ဒီလိုပြင်ဆင်ခြင်းဟာ ကျွန်တော်တို့ နိုင်ငံရွေ့သွားရမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလမှာ တရားရေးကဏ္ဍကို ပြုပြင်နိုင်ဖို့အတွက် တင်သွင်းခြင်းဖြစ်ကြောင်း ဥက္ကဋ္ဌကြီးမှတဆင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးကို လေးလေးစားစား အစီရင်ခံ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်ခင်ဗျား။

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့် တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုတရား လွှတ်တော်ချုပ်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသွားတဲ့ တရားရုံးများကို မထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်းပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေမှာ ပြင်ဆင်ရန်အချက်တွေရှိနေတာကို တွေ့ရှိရတဲ့အတွက် တရားလွှတ်တော်ချုပ်အနေနဲ့ နဂိုရှိတဲ့အတိုင်း အင်္ဂလိပ်လိုပြဋ္ဌာန်းထားတဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှုကို မြန်မာဘာသာနဲ့ပဲ အသစ်ပြန်လည်ရေးဆွဲပြီးတော့ ကျိုးကြောင်းဖော်ပြချက်များနှင့်တကွ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့ထားပြီး ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသစ်ရေးဆွဲထားတဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှုအက်ဥပဒေမှာတော့ အခန်း ၆ ခန်း နှင့် ပုဒ်မပေါင်း ၁၅ ခုပါဝင်ပါတယ်။ အဲဒီဥပဒေမှာ အခန်း(၁)က အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ကတော့ စီရင်ပိုင်ခွင့်နှင့် အရေးယူပိုင်ခွင့်များ၊ အခန်း(၃)ကတော့ ကင်းလွတ်ချက်များ၊ အခန်း(၄)ကတော့ ပြစ်မှုနှင့် ပြစ်ဒဏ် များ၊ အခန်း(၅) အယူခံဝင်ခွင့်၊ အခန်း(၆) အထွေထွေဆိုပြီးတော့ကာ အခန်း ၆ ခန်းနှင့် ခွဲခြား ပြုစုထားတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အဆိုမှာ ပါရှိတဲ့အတိုင်း ပါပဲ တရားရုံးများမထီမဲ့မြင်ပြုမှုအက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေပုဒ်မ ၂ ခြွင်းချက်အောက်မှာ ကင်းလွတ်ခွင့်များကို ထပ်မံထည့်သွင်းရန် အချက်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ မှာ အစားထိုး ထည့်သွင်းရန် ပုဒ်မများနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အသစ် ရေးဆွဲထားတဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှုအက်ဥပဒေမှာပါပြီးဖြစ်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြ အပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေကို မြန်မာဘာသာနဲ့ အသစ်ရေးဆွဲပြီးတော့ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားပြီးဖြစ်တဲ့အပြင် ဒီဥပဒေကြမ်းကို အများပြည်သူများ သိရှိလေ့လာပြီး အကြံပြုနိုင်ရန်အတွက် နေ့စဉ်ထုတ်သတင်းစာ များမှာလည်းဖော်ပြပါရှိပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ ထည့်သွင်းဆွေးနွေးသွားနိုင်မှာဖြစ် ပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ရိုးရိုးသားသား ဤလွှတ်တော်ကြီးကိုတင်ပြရရင် ဒုတိယပုံမှန်အစည်းအဝေးတုန်းက

ဒီဥပဒေကို ရုပ်သိမ်းဖို့ တင်တဲ့အခါမှာ ဟောင်းပေမယ့် ကောင်းနေတယ်ဆိုပြီးတော့ အကြောင်းပြချက်နှင့် ကျွန်တော့်အဆို အရေးနိမ့်ခဲ့ပါတယ်။ ယခုအခါ တရားရုံးများ ဥပဒေကြမ်းကို ပြင်ဆင်တဲ့ ဥပဒေလွှတ်တော်ကို ပေးပို့ပြီးတော့ ရောက်လာတဲ့အချိန်ကျမှ ၉-၇-၂၀၁၂ သတင်းစာမှာ တရားရုံးများကို မထီမဲ့မြင်ပြုမှုဥပဒေကြမ်းကို ပြည်ထောင်စုတရားသူကြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတယ်လို့ သိရပါတယ်။ အဲဒီဥပဒေကြမ်းနှင့်ပတ်သက်ရင် လွှတ်တော်ကို ရောက်မလာသေးတဲ့အတွက် အချက်တစ်ချက်ခြင်းအပေါ်မှာ မထောက်ပြလိုပါဘူး။ ရောက်လာတဲ့အခါမှာ တင်ပြပါမယ်။ အဲဒီတော့ တရားမျှတမှုအတွက်ပေါ့။ ပြည်ထောင်စုတရားသူကြီးချုပ်က တင်သွင်းတဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကိုရော၊ ကျွန်တော်ရဲ့ လက်ရှိတရားရုံးများ မထီမဲ့မြင်ပြုမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုရော လွှတ်တော်ကြီးက ကြားနာသင့်တယ်လို့ ယူဆပါတယ်။ ခုန ပြည်ထောင်စုတရားရုံး ပြည်ထောင်စုတရားသူကြီးချုပ် ပြောသွားတဲ့ကင်းလွတ်ချက်ပေးတယ်ဆိုတဲ့အချက်က ကျွန်တော်နဲ့ အသွင်အားဖြင့်တူပေမယ့် အနှစ်သာရမှာ မတူတာတွေရှိပါတယ်။ အဲဒါတွေကို လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး ကျယ်ကျယ်ပြန့်ပြန့်ကြားနာနိုင်မှုအတွက် ကျွန်တော်တင်သွင်းထားတဲ့ဥပဒေကြမ်းကို လွှတ်တော်ရဲ့အဆုံးအဖြတ်ခံယူပါမယ်။

**ဥက္ကဋ္ဌ**။ ။ ယနေ့ ဦးသိန်းညွန့်ရဲ့ အဆိုပြုတင်ပြချက်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ဆွေးနွေးချက် နောက်တစ်ကြိမ် ဦးသိန်းညွန့်ရဲ့ တင်ပြချက်တွေကို ပေါင်းပြီး သုံးသပ်တင်ပြပါ့မယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဥပဒေကြမ်း အဖြစ်တင်သွင်းဖို့ သတင်းစာထဲမှာ ထည့်သွင်းထားတဲ့ကိစ္စကို တစ်ချိန်ကြရင် ဒီဥပဒေကြမ်းဟာ ပြည်သူ့လွှတ်တော်ကိုလည်း ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ရောက်ရှိလာတဲ့အခါမှာ အဆိုရှင် ဦးသိန်းညွန့်အပါအဝင် ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းပေါ်မူတည်ပြီးတော့ ပြင်ဆင်ချက်အဆိုများ ပေးသွင်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခြုံငုံသုံးသပ်တင်ပြရမယ်ဆိုရင် ဦးသိန်းညွန့် တင်ပြတဲ့ ဒီအဆိုပေါ်မူတည်ပြီးတော့ တရားလွှတ်တော်ချုပ်ကလည်း ဥပဒေကြမ်းရေးဆွဲ တင်ပြထားပါပြီ။ ဒီလိုဆိုရင် သတ်မှတ်တဲ့ကာလအတွင်းမှာတော့ ပြည်သူ့လွှတ်တော်ကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလို ရောက်ရှိလာတဲ့အခါမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေကြမ်းကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန် အဆိုပြုချက်များ တင်သွင်းခွင့်အခွင့်အရေး လွှတ်တော်ကိုယ်စားလှယ်တိုင်းမှာ ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီမှာအတည်ပြုတင်ပြလိုတာကတော့ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ တရားရုံးများကိုမထီမဲ့မြင်ပြုမှု အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို

လက်ခံဆွေးနွေးရန် လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်သို့ ထိုဥပဒေကြမ်းရောက်ရှိလာတဲ့အခါမှာ လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ ဆောင်ရွက်ရမည့်ကိစ္စများ ဆောင်ရွက်နိုင်ဖို့ လွှတ်တော်က အတည်ပြုတယ်ဆိုတဲ့ဟာကိုလည်း ဆောင်ရွက်ပါမယ်။ ဒါကြောင့် သယံဇာတ ကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းတဲ့ တရားရုံးများကိုမထိမဲ့မြင်ပြုမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို လွှတ်တော်က လက်ခံဆွေးနွေးရန် မှတ်တမ်းတင်ထားရှိပြီး လွှတ်တော်သို့ ရောက်ရှိလာသော ထိုဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးဆောင်ရွက်သွားရန် အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် တင်သွင်းတဲ့အဆိုဖြစ်သော မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင်မြို့ချင်းဆက်လမ်းများ ကောင်းမွန်စေရမည်။ မည်သည့်နှစ်တွင် လျှပ်စစ်ဓာတ်အားရရှိစေရမည်စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက်ချမှတ်ဆောင်ရွက်ရေး အဆိုကိုဆွေးနွေးဖို့ အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းပေးထားကြပါတယ်။ ဦးအေးမောင်၊ ဦးစိုင်းသန်းနိုင်၊ ဦးဖေသန်း၊ ဦးမြင့်ဦး၊ ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ ဦးခင်မောင်ဌေး၊ ဦးမင်းသူ၊ ဦးအေး၊ ဦးမောင်ဦး၊ ဦးလှထွန်း၊ ဦးအောင်ထွန်းခိုင်၊ ဦးခွန်မောင်သောင်း၊ ဦးရွှေမောင်၊ ဦးစိုင်းသီဟကျော်၊ ဦးအောင်မြင့်၊ ဦးစိန်ဝင်း၊ ဦးဉာဏ်ဆွေဝင်း၊ ဦးတင်ထွေး၊ ဦးစိုင်းထွန်းဝင်း၊ ဦးခင်မောင်ညိုတို့ကဆွေးနွေးဖို့တင်ပြထားပါတယ်။ ဒီအဆိုနှင့်ပတ်သက်လို့ ထောက်ခံဆွေးခြင်းနှင့် ကန့်ကွက်ဆွေးနွေးခြင်းနှစ်ခုပဲဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ရဲ့အချိန်ကိုငဲ့ကွက်သောအားဖြင့် ဦးဌေးမောင်က မိမိအဆိုကိုထောက်ခံ/ကန့်ကွက်ဆွေးနွေးလိုသူများ ညှိနှိုင်းပြီးတဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်ကိုဆွေးနွေးဖို့ ခြောက်ယောက်ထက်အမည်စာရင်းမပိုသောသူများပေးပို့ဖို့ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဦးဌေးမောင်နှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီကညှိနှိုင်းပြီးထပ်မံအတည်ပြုပြီး ခြောက်ယောက်ကိုသာလက်ခံဆွေးနွေးမှာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။ ထို့နည်းတူစွာပဲ ဒီနေ့လွှတ်တော်ဥက္ကဋ္ဌမိမိထံကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်တချို့မှတင်ပြလာတာရှိပါတယ်။ တင်ပြချက်ရဲ့အချုပ်ကတော့ ပြီးခဲ့တဲ့ ပညာရေးဆိုင်ရာဥပဒေကြမ်းများနှင့်ပတ်သက်ပြီး ဒီဥပဒေကြမ်းများဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အင်မတန်မှအရေးကြီးတဲ့ဥပဒေကြမ်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းများအပေါ်ပြင်ဆင်ချက်အဆိုတင်ပြဖို့အတွက် ရက်တိုးပေးပါဆိုတဲ့အဓိပ္ပာယ်သက်ရောက်တဲ့တင်ပြလာမှုများရှိပါတယ်။ ဒါကြောင့်မို့လို့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာကော်မရှင်

များညှိနှိုင်းဆွေးနွေးတဲ့အခါမှာ ၁၅-၇-၂၀၁၂ ရက်နေ့ ၁၆း၀၀ နာရီအထိ မိမိတို့ပြင်ဆင်လိုတဲ့၊ အဆိုပြုလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအလိုက် လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံတင်ပြကြဖို့၊ ပေးပို့ကြဖို့ ထပ်မံအသိပေးအကြောင်းကြားပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပဥ္စမနေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မနေ့က ကော်မတီသုံးခုရဲ့အစီရင်ခံစာကိုဆွေးနွေးသွားကြတဲ့ကိုယ်စားလှယ် ခြောက်ဦးရှိပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ ကတိကဝတ်နှင့် တာဝန်ခံချက်များကော်မတီအပေါ် ဆွေးနွေးသွားကြတဲ့ လွှတ်တာ်ကိုယ်စားလှယ် ခြောက်ဦးနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များညှိနှိုင်းဆွေးနွေးဖို့ နေ့လယ်မှာ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအတွက် သက်ဆိုင်ရာရဲ့ခေါ်ယူညှိနှိုင်းမှုအပေါ် မူတည်ပြီးတော့ နေ့လယ်ပိုင်းမှာဆောင်ရွက်သွားဖို့ ထပ်မံအသိပေးလိုပါတယ်။

**အချိန်၊ ၁၂း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၂း၃၅ နာရီတွင် ရပ်နားပါသည်။ ]